ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-1-2004)(၄၁၁၅)

ပူဇာစ ပူဇနေယျာနံ တေံ မင်္ဂလ မုတ္တမံ။	ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ရက်က တနင်္သာရီတိုင်း ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများအတွင်း သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထားဝယ်ကိုအခြေပြုပြီး နိုင်ငံတကာပင်လယ်ရေနက်ဆိပ်ကမ်းနှင့် လမ်းမကြီးတစ်ခုဖြစ်ထွန်းလာမည် မောင်းမကန် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းကို အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လောင်းလုံးနှင့် ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေး စစ်ဆေးမှာကြား

ရန်ကုန်　　ဇန်နဝါရီ　　၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် စနာရီခွဲတွင် တနင်္သာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ထားဝယ်လေဆိပ်မှ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် စစ်ဘက်၊နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် လောင်းလုံးမြို့နယ် ညောပြင်ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာသို့ သွားရောက်ကြရာ လမ်းခရီး၌ လောင်းလုံးမြို့နယ် အောက်ရေဖြူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ စာသင်ခန်းနှင့် ကျောင်းသားများ ပညာသင်ကြားမှုအခြေအနေကိုမေးမြန်းကာ အောက်ရေဖြူ အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရေး စီစဉ်ဆောင်ရွက်ပေးပြီး ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ်အဆောင်များကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

ကျောင်းခွဲအဆင့်တိုးမြှင့်

ယင်းနောက် ကျောက်နီမော်တွဲဖက်အထက်တန်းကျောင်းသို့ ရောက်ရှိကာ ဆရာ၊ ဆရာမများအား ကျောင်း၏ ပညာသင်ကြားမှုအခြေအနေ၊ ကျောင်းသားနှင့် စာသင်ခန်းမျှတမှုအခြေအနေတို့ကို မေးမြန်းပြီး ကျောက်နီမော် တွဲဖက်အထက်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက် လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ လမ်းဝဲ/ယာ တစ်လျှောက် ဆီအုန်းများ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၁-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင် နိုင်ငံတော်နှင့် ပြည်သူ အကျိုးစီးပွား ဖြစ်ထွန်းရေးဆောင်ရွက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ဇန်နဝါရီလ ၈ ရက် နံနက်က ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေတက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံတော်လူဦးရေ၏ ထက်ဝက်ကျော် အင်အားရှိနေသည့်အားလျော်စွာ အမျိုးသမီးကဏ္ဍဆိုင်ရာ ဆောင်ရွက်ဖွယ်လုပ်ငန်းများလည်း ကြီးမားကျယ်ပြန့်လာလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အမျိုးသမီးကဏ္ဍလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘီဂျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများ ညီလာခံက ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းပြီး မြန်မာ့အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ခဲ့သည်။

အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ စေတနာ့ဝန်ထမ်းလူမှုရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံမှုများလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် ကော်မတီတစ်ရပ်အနေဖြင့် ကြီးမားကျယ်ပြန့်သည့် အမျိုးသမီးရေးရာကိစ္စများကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် အကန့်အသတ်များ ရှိနေသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်စွာ တာဝန်ယူဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊**
- **အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကိုလေ့ကျင့်ပျိုးထောင်ပေးရန်၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည် ဖော်ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများနှင့်ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊**
- **အမျိုးသမီးများ၏အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်**

ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်ပီပြင်စွာ ဖြန့်ကြက်ဆောင်ရွက်နိုင်ရေး အတွက် ပြည်နယ်နှင့်တိုင်းများမှသည် ရပ်ကွက်၊ ကျေးရွာအထိ အမျိုးသမီးရေးရာ လုပ်ငန်းကဏ္ဍ ၁၄ ဖွဲ့ ဖွဲ့စည်းထားရှိသည်။

သို့ဖြစ်ရာ အမျိုးသမီးရေးရာ အဖွဲ့အဆင့်ဆင့်မှ တာဝန်ရှိသူများ အနေဖြင့်မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရင်း နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုတစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း(မှန်ဆောင်)ရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ်ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က အမျိုးသားညီလာခံဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီညှိနှိုင်း အစည်းအဝေးကိုမွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန်နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ဖွံ့ဖြိုးသာယာပြည်မြန်မာ"နှင့်"ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"ဟူ၍ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင် တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x၁၂လက်မ နှင့် အထက်အရွယ် Printပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင်ဆုရရှိပါကနဂ္ဂတစ်ကို တင်ပြနိုင်ရမည်၊ ဓာတ်ပုံနှင့်ဆိုင်ရာအချက်အလက်များ Dataနှင့် ဓာတ်ပုံအကြောင်းအရာ Captionတို့ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ပူးတွဲ ပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန် မလိုကြောင်းကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ပြိုင်ပွဲ တစ်မျိုးစီတွင်ပထမ၊ဒုတိယနှင့် တတိယ ဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများအား ၂၀၀၄ခုနှစ် မတ်လ ၂၇ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင်ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များ၌ ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကိုဦးထွန်းမင်း ညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂–၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ဖေဖော်ဝါရီ ၂၁ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန်သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

Myanmar PGA နှင့်မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲကိုဇန်နဝါရီ၂၇ရက်မှ ၃၀ရက်အထိ ရန်ကုန်ဂေါက်ကလပ် တည်းကုန်း၌ ကျင်းပမည်ဖြစ်သည်။

နောက်ဆုံးအဆင့်

Gold Uni Golf Classic ပြိုင်ပွဲသည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်မှ ၁၅ရက်အထိကျင်းပမည့် Myanmar Open 2004 ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် နောက်ဆုံးအဆင့် လက်ရည်စစ်ပြိုင်ပွဲဖြစ်သည်။

အဆိုပါ လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ်ရှစ်သိန်း သတ်မှတ်ထားပြီး Myanmar Professional ဂေါက်သီးရိုက် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည့်အပြင် ၂၀၀၃ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲမှ ထိပ်တန်းမြန်မာအပျော်တမ်း ဂေါက်သီးရိုက် အားကစားသမား ခြောက်ဦး ပါဝင်ယှဉ်ပြိုင်ခွင့် ပြုထားသည်။

အမည်စာရင်းပေးသွင်းရမည်

ယင်းလက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Myanmar Professional ဂေါက်သီးရိုက် အားကစားသမားများနှင့်ခွင့်ပြုထားသည့် မြန်မာအပျော်တမ်း ဂေါက်သီးရိုက် အားကစားသမား ခြောက်ဦးတို့သည် ဇန်နဝါရီ ၂၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ Han Event Management ဖုန်း– ၇၂၃၂၂၁နှင့် ၅၄၄၀၄၀ တို့သို့ အမည်စာရင်း ပေးသွင်းရမည် ဖြစ်သည်။

ပံ့ပိုးကူညီ

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲကို Gold Uni Jewellery Co.,Ltd နှင့် XieFamily တို့နှင့်အတူ Imperial Jade Purified Drinking Water တို့က ပံ့ပိုးကူညီကြမည်ဖြစ်သည်။
(သတင်းစဉ်)

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်သည် သမ္မတရာထူး စတင်တာဝန်ယူသည့် ရက်ပိုင်းအတွင်းမှာပင် အီရတ်စစ်ပွဲကို ဆင်နွှဲရန် ကြံစည်အားထုတ်ခဲ့သည်ဟု အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဟောင်း ပေါလ်အိုနီးလ်က စီဘီအက်စ် ရုပ်မြင်သံကြား လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ဝေဖန်ပြောကြားခဲ့သည်။

ပေါလ်အိုနီးလ်၏ ဝေဖန်ပြောဆိုချက်သည် ကမ္ဘာတစ်ဝန်းမှ နိုင်ငံရေးဆန်းစစ်သူများ၏ ပြောဆိုခဲ့မှုများနှင့် ကိုက်ညီလျက်ရှိသည်။

အီရတ်နိုင်ငံတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ ရှာဖွေတွေ့ရှိသည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ယင်းနိုင်ငံအား အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော်သိမ်းပိုက်ခြင်းသည် တရားမျှတမှုမရှိဟု နိုင်ငံရေးဆန်းစစ်သူများက ရှုမြင်ကြသည်။ အမေရိကန်အစိုးရ၏ ရည်မှန်းချက်များ၊ စစ်ရေးနည်းလမ်းများကို တရားမျှတမှု ရှိသည်ဟု ပြောဆိုနိုင်ခြင်းမရှိပေ။

အီရတ်နိုင်ငံတွင် အစုအပြုံလိုက် သေကျေပျက်စီးစေနိုင်သော လက်နက်များ ရှိ၊မရှိ အဆုံးဖြတ်ပေးနိုင်သည့် အဖွဲ့အစည်းမှာ ကုလသမဂ္ဂသာလျှင်ဖြစ်သော်လည်း အမေရိကန်သည် ကုလသမဂ္ဂ၏ ငြိမ်းချမ်းစွာဖြေရှင်းရေး ရည်မှန်းချက်များကို ပစ်ပယ်ကာ အီရတ်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ရန် တစ်ဖက်သတ် ဆုံးဖြတ်ခဲ့သည်။

အီရတ်နိုင်ငံသို့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စေလွှတ်မှုကို ဆန့်ကျင်သည့်အနေဖြင့် ဂျပန်နိုင်ငံတစ်ဝန်းတွင် ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဇန်နဝါရီ၁၁ ရက်က မြို့တော်တိုကျိုတွင် ပြုလုပ်သော ဆန္ဒပြပွဲတစ်ရပ်တွင် အမေရိကန်သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ်၊ ဒုတိယသမ္မတ ဒစ်ချေနီနှင့် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်တို့အား ရှုတ်ချသည့် ပိုစတာများ ကိုင်ဆောင်ထားသော အမျိုးသမီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ—အင်တာနက်)

အီရတ်နိုင်ငံတွင် လုံခြုံရေး အခြေအနေ ဆိုးရွားနေမှုကြောင့် လေကြောင်း ခရီးစဉ်များ ပျံသန်းနိုင်မှု မရှိသည့်အတွက် မကျေမနပ်ဖြစ်ကာ ကန့်ကွက် ဆန္ဒပြနေသည့် အီရတ် လေကြောင်းဌာန အလုပ်သမားများကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ—အင်တာနက်)

ဇန်နဝါရီ ၁၁ ရက်က အီရတ်နိုင်ငံ အရှေ့တောင်ပိုင်းအမ်မရာမြို့ရှိအုပ်ချုပ်ရေးအဖွဲ့ ရုံးချုပ် ရှေ့တွင် ဆန္ဒပြနေသောဒေသခံပြည်သူများနှင့် ဗြိတိသျှကြည်း တပ်မှ တပ်ဖွဲ့ဝင်တစ်ဦး တို့ ရုန်းရင်းဆန်ခတ် ဖြစ်နေစဉ်။(ဓာတ်ပုံ—အင်တာနက်)

ဇန်နဝါရီ ၁၂ရက်က အီရတ်နိုင်ငံ အမ်မရာမြို့တွင် အမေရိကန် စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်း တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးဆောင်ရွက်နေသောအမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ—အင်တာနက်)

အီရတ်မြင်ကွင်း

စစ်တမ်းကောက်

ဇန်နဝါရီ ၁၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် စစ်ကြောင့် ပြည်သူများ ဒုက္ခရောက်မှုကို စစ်တမ်းကောက်ယူရာ သဘောထားဆန္ဒပေးကြသည့် အီရတ်လူမျိုးများကို တွေ့ရစဉ်။ (ဓာတ်ပုံ—အင်တာနက်)

ကမ္ဘာတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်လျက်ရှိ ဘုရှ်၏မိုက်မိုက်ကန်းကန်းလုပ်ရပ်က ကမ္ဘာကြီးကို ငြိမ်းချမ်းစေမည်မဟုတ်

ဝါရှင်တန် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် သိမ်းပိုက်ခဲ့မှုနှင့် ပတ်သက်ပြီး မိမိတို့၏ထင်မြင်ယူဆချက်များကို စီအင်န်အင်န် သတင်းဌာန အိုးပင်းဖိုရမ် အစီအစဉ်သို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပေးပို့လျက်ရှိကြရာ ရှုမြင်သုံးသပ်သူတစ်ဦး ရေးသားပေးပို့လိုက်သည်မှာ အီရတ်နိုင်ငံတွင် အုပ်ချုပ်ပုံစနစ် ပြောင်းလဲသွားခြင်းဖြင့် ကမ္ဘာပေါ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်သွားလိမ့်မည်ဟု အမေရိကန်သမ္မတဘုရှ်က ယုံကြည်ကြောင်း၊ သို့ရာတွင်အထင်နှင့်အမြင် တလွဲစီဖြစ်ကာ ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လုံခြုံရေးအခြေအနေ ပျက်သုဉ်းမှုများ ပိုမိုများပြားလာနေသည်ကို မျက်မြင်တွေ့ရှိကြားသိနေကြရပြီး၊ လူအများအပြားမှာလည်း စိုးရိမ်ထိတ်လန့် ကြောက်ရွံ့ရသည့် အခြေနေမျိုး တွင် နေထိုင်ကြရကြောင်း၊ မစ္စတာဘုရှ်၏ မိုက်မိုက်ကန်းကန်း လုပ်ရပ်သည် ကမ္ဘာကြီးကို မည်သည့်အခါတွင်မျှ ငြိမ်းချမ်းလာစေမည်မဟုတ်ကြောင်း ရေးသား ဖော်ပြထားသည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြထားသည်။

စီအင်န်အင်န်။

အမေရိကန်တိုက်လေယာဉ်နှစ်စင်း အီရတ်မြောက်ပိုင်း၌ ဗုံးပေါင်ချိန် ၂၀၀၀ ကြဲချ

မနီလာ ဇန်နဝါရီ ၁၂

အမေရိကန်ရေတပ်မှ ဂျက်တိုက်လေယာဉ်နှစ်စင်းသည် လွန်ခဲ့သည့် နှစ်ရက် စောစောပိုင်းက ဘဂ္ဂဒက် မြောက်ပိုင်းဒေသရှိ အီရတ်ပြောက်ကျား အခြေစိုက်စခန်းများကို တိုက်ခိုက်ပြီး ပစ်မှတ်တိကျသည့် ဗုံးပေါင်ချိန် ၂၀၀၀ ကြဲချခဲ့ကြောင်း တနင်္ဂနွေနေ့က ပြောကြားသည်။

ဟော်နက် ဂျက်တိုက်လေယာဉ်နှစ်စင်းသည် ပင်လယ်ကွေ့ဒေသရှိ နျူကလီးယားအင်အားသုံး လေယာဉ်များ တင်ဆောင်သည့် ယူအက်စ်အက်စ် သင်္ဘောမှပျံတက်သွားကြပြီး အီရတ်မြို့တော် ဘဂ္ဂဒက်မြောက်ပိုင်း ဘာလက်မြို့အနီး ရန်သူစိန်ပြောင်း အခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ရေတပ် စစ်ဌာနချုပ် ကြေညာချက်တွင် ဖော်ပြထားသည်။

ယခုနှစ်သစ် စတင်ကတည်းက အဆိုပါ လေယာဉ်တင်သင်္ဘောက ပထမဆုံးအကြိမ်အဖြစ် ပစ်မှတ်တိကျသည့်ဗုံးများကို စတင်အသုံးပြုခြင်း ဖြစ်ကြောင်း၊ ယင်း တိုက်လေယာဉ်နှစ်စင်းသည် ၎င်းတို့၏ အခြေစိုက်စခန်းသို့ ဘေးမသီရန်မခ ပြန်ရောက်လာခဲ့ကြောင်း ကြေညာချက်တွင် ပါရှိသည်။

ဘာလက်မြို့အနီးတွင် ယခုလ စောစောပိုင်းက အမေရိကန် အခြေစိုက်စခန်းတွင် စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

ဖော်ပြပါ သင်္ဘောမှ ဂျက်တိုက်လေယာဉ်များသည် အီရတ်နိုင်ငံရှိ ပစ်မှတ်အား နိုဝင်ဘာ ၂၈ ရက်က နောက်ဆုံးအဖြစ် တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

အင်တာပရိုက်စ် လေယာဉ်တင်သင်္ဘောသည် ပင်လယ်ကွေ့ဒေသတွင် ဖြန့်ကြက်ထားသည့် သင်္ဘောဖြစ်ပြီး အမေရိကန်အမှတ်(၅) ရေတပ်ဌာနချုပ်သည် ဘာရိန်းနိုင်ငံတွင်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ခုခံတွန်းလှန်သူများအားရှာဖွေ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အနောက်မြောက်ဘက် ၁၅၅ မိုင်အကွာ ကယ်ကွတ်မြို့တွင် ဇန်နဝါရီ ၁၀ ရက်က ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် မီးကျည်ပစ်လွှတ်ကာ အမေရိကန်ကြည်းတပ်က ခုခံတွန်းလှန်သူများကို ရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာနိုင်ငံတကာညီလာခံ အမ္မန်တွင်ကျင်းပ အီရတ်တည်ဆောက်ရေး ပြခန်းပွဲဖွင့်လှစ်

အမ္မန် ဇန်နဝါရီ ၁၃

စစ်ကြောင့်ထောင်းထောင်းကြေ ပျက်စီးခဲ့ရသည့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရန် အကောင်းဆုံးသော နည်းလမ်းအသွယ်သွယ်ကို ရှာကြသည့်အနေဖြင့် သုံးရက်ကြာ နိုင်ငံတကာညီလာခံတစ်ရပ်ကို အီရတ်ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ပြခန်းနှင့်ပူးတွဲ၍ အမ္မန်မြို့တွင် တနင်္ဂနွေနေ့က ဖွင့်လှစ်လိုက်သည်။

ကုန်သွယ်ရေးပြပွဲ

အဆိုပါညီလာခံကို အမေရိကန်အခြေစိုက် ပြပွဲစီမံခန့်ခွဲရေး ကုမ္ပဏီဖြစ်သည့် ကော်လမန်အုပ်စုက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ ၎င်းကုမ္ပဏီသည် နိုင်ငံတကာဆိုင်ရာ ကုန်သွယ်ရေး ပြပွဲများ ပြသမှု အတွေ့အကြုံ အနှစ် ၄၀ ကျော်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

အမ္မန်တွင်ကျင်းပသည့် နိုင်ငံတကာပြခန်းတွင် အီရတ်၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဂျော်ဒန်အပါအဝင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီ ၃၀၀ ခန့် ဝင်ရောက်ပြသခဲ့ကြပြီး ၎င်းနိုင်ငံများ၏ နောက်ဆုံးထုတ်ကုန်များကို ပြသခဲ့ကြသည်။

အမြင်များဖလှယ်

ညီလာခံဖွင့်ပွဲတွင် ပြခန်းပြသသူကိုယ်စားလှယ်များနှင့် အီရတ်နိုင်ငံရှိ အမေရိကန်အပေါင်းပါတပ် ယာယီအာဏာပိုင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးဆိုင်ရာ အမြင်များကို ဖလှယ်ခဲ့ကြသည်။

အမေရိကန်အပေါင်းပါ ယာယီအာဏာပိုင်အဖွဲ့က ညီလာခံနှင့် ဆွေးနွေးပွဲများကို အီရတ်နိုင်ငံ၏ ကဏ္ဍရပ်အသီးသီးအတွက် လိုအပ်မှုများသိရှိနိုင်ရန်အတွက် ကျင်းပသွားမည်ဖြစ်ကြောင်း အမေရိကန် တွဲဖက် ကုန်သွယ်ရေးဝန်ကြီး ဝီလျံလက်ရှ်က ပြောကြားသည်။

ညီလာခံကျင်းပ

ဂျော်ဒန်နိုင်ငံသည် အီရတ်နိုင်ငံ၏ အိမ်နီးချင်းဖြစ်ပြီး အမေရိကန်နှင့် လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက် ပြုလုပ်ထားသည့် နိုင်ငံဖြစ်ကာ ညီလာခံများကျင်းပရန် အကောင်းဆုံးသော နိုင်ငံဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတောင်ပိုင်း အမ်မရာမြို့၌ ဗြိတိသျှတပ်ဖွဲ့များ တပ်လှန့်ထားရ

အမ်မရာ ဇန်နဝါရီ ၁၃

ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြသမားများအား ပစ်ခတ်ခဲ့ရာမှ အီရတ်နိုင်ငံသား ခြောက်ဦးသေဆုံးခဲ့ရသည့် ရက်သတ္တပတ်ကုန်ပိုင်းက မငြိမ်မသက်ဖြစ်ပွားခဲ့ပြီးနောက် အီရတ်နိုင်ငံတောင်ပိုင်း အမ်မရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအား တပ်လှန့်ထားလိုက်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ဆန္ဒပြပွဲကျင်းပရာ နေရာအနီးရှိ လမ်းသွားလမ်းလာများအား ရှာဖွေစစ်ဆေးခဲ့သည့် ဒေသခံ အုပ်ချုပ်ရေးဌာနရုံးချုပ်အနီးရှိ တံတားတစ်စင်းကို ပိတ်ပစ်ခဲ့သည်။ သို့ရာတွင် တတိယမြောက်နေ့အဖြစ် လူအများ စုရုံးမှုကိုမူ ဟန့်တားနိုင်ခြင်းမရှိဟု သတင်းထောက်တစ်ဦးက ပြောကြားသည်။

ကင်းလှည့်မှုတိုးမြှင့်

စနေနေ့က လူခြောက်ဦးသေဆုံးခဲ့ရသည့် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အီရတ်ရဲတပ်ဖွဲ့ဝင်များကို ရပ်သိမ်းခဲ့သည့် ဒေသ၌ ခြေကျင်ကင်းလှည့်မှုကိုတိုးမြှင့်ခဲ့သည်။

စောင့်ကြည့်

အခြေအနေကို အနီးကပ်စောင့်ကြည့်နေကြောင်း အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားသည်။

ဗြိတိသျှ ရဟတ်ယာဉ်များသည် ဘဂ္ဂဒက်မြို့မှ ၂၂၅ မိုင်ကွာဝေးသည့် အမ်မရာမြို့ ကောင်းကင်ယံတွင် အရဏ် တက်ချိန်မှ စတင်ကာ ဝဲပျံလျက်ရှိသည်။

အင်တာနက်။

ဇန်နဝါရီ ၁၀ ရက်က အမ်မရာမြို့တွင် အမေရိကန်နှင့်အပေါင်းပါတပ်များ၏ ကျူးကျော်စစ်ကြောင့် အလုပ်လက်မဲ့ဖြစ်နေသော အလုပ်လက်မဲ့အီရတ်လူမျိုးများက အလုပ်အကိုင်ရရှိရေးတောင်းဆိုသည့် ဆန္ဒပြပွဲပြုလုပ်စဉ်အတွင်း ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အီရတ်လူမျိုးခြောက်ဦး သေဆုံးခဲ့ရပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထုအကြား တင်းမာမှုများပေါ်ပေါက်လျက်ရှိသည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသမားများစုဝေးရာဒေသဆိုင်ရာ အစိုးရအဖွဲ့ရုံးအနီးရှိ တံတားတစ်စင်းကို ပိတ်ဆို့ထားလိုက်ပြီး လမ်းသွားလမ်းလာများကို ရှာဖွေမှုများပြုလုပ်ခဲ့သည်။ (အပေါ်ပုံမှာ) **ဗြိတိသျှတပ်ဖွဲ့ဝင်များက ဆန္ဒပြမှုကိုတားဆီးနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ဆက်ဒမ်ဟူစိန်အား ဖမ်းဆီးရမိပြီးနောက်ပိုင်း ဗုံးခွဲတိုက်ခိုက်မှုပိုမိုများလာ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ဘာကူဘာမြို့တွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ် ယမန်နေ့ နေ့လယ်ပိုင်းက ဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။

မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ အသေခံဗုံးဖောက်ခွဲသူသည် မော်တော်ကား တစ်စီးအတွင်းမှ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သေဆုံး၊ ဒဏ်ရာရရှိသူများမှာ အီရတ်အရပ်သားများဖြစ်ကြောင်းသိရှိရသည်။

အီရတ်နိုင်ငံမှာ ဆက်ဒမ်ဟူစိန်အား ဖမ်းဆီးရမိပြီးနောက်ပိုင်း ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်မှုများ ပိုမိုများပြားလာခဲ့ကြောင်း သိရှိရသည်။ ယင်းအတောအတွင်း ဘဂ္ဂဒက်မြို့တွင် ဒေါသထွက်နေကြသော ဒေသခံပြည်သူများသည် လမ်းမပေါ် စုရုံးရောက်ရှိလာကြပြီး အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများကို ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် အမေရိကန်အမှတ်(၄) ခြေကျင်တပ်မမှ တပ်ဖွဲ့ဝင်များသည် ဆက်ဒမ်ဟူစိန်၏ ဇာတိ တီကရစ်မြို့တွင် ညဘက် ရုတ်တရက်ဝင်ရောက်ရှာဖွေသော စစ်ဆင်ရေး တစ်ရပ်ကို နာရီများစွာကြာအောင်ပြုလုပ်ခဲ့ပြီး သံသယရှိသူအများအပြားကို မျက်နှာများ ဖုံးအုပ်ပြီး လက်ထိတ်များခတ်ကာ ဖမ်းဆီး ခေါ်ဆောင်သွားသည်။

အင်တာနက်။

အီရတ်စစ်မြေပြင်၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများ အမေရိကန်ပြည်ထောင်စု ဒါလာဝါရီလေဆိပ်သို့ မှန်မှန်ရောက်ရှိနေ

ဒိုဗာ ဇန်နဝါရီ ၁၂

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ကို အမေရိကန်တို့ ဖမ်းမိခဲ့သည်မှာ တစ်လနီးပါးရှိသွားပြီဖြစ်သည်။ သို့တိုင်အောင် အီရတ်နိုင်ငံ၌ ကျူးကျော်မှုဆန့်ကျင်ရေး ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသောကြောင့် သေဆုံးကြရသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အလောင်းများမှာ အမေရိကန် ဒါလာဝါရီလေဆိပ်သို့ မှန်မှန် ပြန်ရောက်ရှိနေသည်ဟုဆိုသည်။ ထိုလေဆိပ်တွင် ကမ္ဘာ့အကြီးဆုံး ရေခဲတိုက်တည်ရှိသည်။

သေဆုံးသွားသော အမေရိကန် တပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းကို အိတ်အတွင်း ထည့်ပြီးနောက် ရေခဲပါသော သတ္တုသေတ္တာများအတွင်း ထည့်ကာ လေကြောင်းမှ ပြန်သယ်လာကြသည်။ ထိုသတ္တုသေတ္တာများကို မီးခိုးရောင် စစ်လေယာဉ်များဖြင့်ဖြစ်စေ၊ ဘိုးရင်း-၇၄၇ အဖြူရောင် အရပ်ဘက် လေယာဉ်များဖြင့်ဖြစ်စေ သယ်ဆောင်လာကြသည်။ လေဆိပ်တွင် ရုပ်အလောင်းများကို ဘုန်းတော်ကြီးက သရဏဂုံတင်ပေးပြီး ဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုကြသည်။ ထိုလေဆိပ်ရှိ ဒိုဗာလေတပ်စခန်း ရေခဲတိုက်မှာ စတုရန်းပေ ၇၀၀၀၀ အကျယ်အဝန်း ရှိကြောင်း သိရသည်။

စစ်ဆေးအတည်ပြု

ထိုရေခဲတိုက် ရင်ခွဲရုံ၌ မည်သူမည်ဝါ၏ အလောင်းဖြစ်ကြောင်း စစ်ဆေးအတည်ပြုပြီးနောက် ဆိုင်ရာ အခေါင်းများအတွင်းထည့်ကာ သက်ဆိုင်ရာ ဆွေမျိုးသားချင်းများထံ ပြန်လည်ပေးပို့သည်ဟု ဆိုသည်။

မျှော်လင့်

ကြာသပတေးနေ့က ဖော်လူဂျာမြို့အနီး ပစ်ချခံရသဖြင့် ပျက်ကျခဲ့ရသော ကြည်းတပ်၏ ဘလက်ဟော့ခ် ရဟတ်ယာဉ်ဖြင့် လိုက်ပါလာသူ အမေရိကန် တပ်ဖွဲ့ဝင် ကိုးဦးစလုံး သေဆုံးခဲ့ရသည်။ ထိုတပ်ဖွဲ့ဝင်များ၏ရုပ်အလောင်းများကို ယခုသီတင်းပတ်အကုန်တွင် ဒိုဗာလေတပ်စခန်း လေဆိပ်သို့ ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

၅၀၀ ကျော်

ထိုအလောင်းများပါ ထည့်ပေါင်းလျှင် အီရတ်တွင် ခုခံမှုများနှင့် ကြုံရသည့်အတွက် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၅၀၀ ကျော်သွားလိမ့်မည်ဟု အရန်လေတပ်မှ ဒုတိယဗိုလ်မှူးကြီး ကာရင်အေလ်က ပြောကြားသည်။ ***အင်တာနက်။***

ပင်လယ်ကွေ့စစ်ပွဲ စစ်ပြန်ရဲဘော်များအတွင်း ယခုအခါ ပင်လယ်ကွေ့စစ်ပြန်ရောဂါဟု တင်စားခေါ်ဝေါ်သည့် ရောဂါတစ်မျိုး ဖြစ်ပွားနေခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးပါရဂူများက လေ့လာလျက်ရှိသည်။ လေ့လာချက်အရ အဆိုပါရောဂါသည် ပင်လယ်ကွေ့ဒေသသို့ တပ်ဖွဲ့ဝင်များ မထွက်ခွာမီ ၎င်းတို့ကို ထိုးပေးခဲ့သော ကာကွယ်ဆေးများကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း သိရသည်။ ပင်လယ်ကွေ့စစ်ပွဲကာလအတွင်းက စစ်ရေးလေ့ကျင့်မှုတစ်ရပ်တွင် ဓာတုလက်နက်ကာကွယ်ရေး ဝတ်စုံများ ဝတ်ဆင်ထားသည့် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆက်ဒမ်ဟူစိန်အား စစ်သုံ့ပန်းအဖြစ် သတ်မှတ်မှု ဂျော်ဒန် ရှေ့နေများအဖွဲ့က ဝေဖန်ပြောကြား

အမ္မာန် ဇန်နဝါရီ ၁၂

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား စစ်သုံ့ပန်းအဖြစ် သတ်မှတ်ရန် အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်က အမေရိကန်၏ အီရတ်နိုင်ငံ သိမ်းပိုက်ခဲ့မှုသည် တရားဝင်မဟုတ်ဆိုသည့်အချက်ကို ပြောင်းလဲစေနိုင်မည် မဟုတ်ကြောင်းဖြင့် ဂျော်ဒန်ရှေ့နေများအဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ယူဆသင့်

ဆက်ဒမ်ဟူစိန်သည် အီရတ်နိုင်ငံ၏ တရားဝင် သမ္မတဖြစ်ကြောင်း၊ အီရတ်နိုင်ငံသိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့ဝင်များသည် တရားမဝင်ကြောင်း၊ ယင်းကြောင့် စစ်သုံ့ပန်းအဆင့် သတ်မှတ်ရန် ဆုံးဖြတ်ချက် သို့မဟုတ် မည်သည့် အရေးယူမှုမဆို တရားမဝင်ဟု ယူဆသင့်ကြောင်း ဖော်ပြပါ ရှေ့နေများအဖွဲ့ အကြီးအကဲ မာဂျာလီက ပြောကြားသည်။

ဆက်ဒမ်ဟူစိန်သည် အီရတ်တပ်မတော်၏ ဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ယူခဲ့ခြင်းကြောင့် အမေရိကန်ကာကွယ်ရေးဌာနက ဆက်ဒမ်ဟူစိန်အား စစ်သုံ့ပန်းအဖြစ် ထားရှိရန် ဆုံးဖြတ်ခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်က ဆက်ဒမ်ဟူစိန်အား ဖမ်းမိပြီးသည့်နောက် တစ်လအကြာတွင် ပြောကြားခဲ့သည်။

ရှုတ်ချပြောကြား

မာဂျာလီက အီရတ်သိမ်းပိုက်ရေး အမေရိကန်သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များ၏ အီရတ်နိုင်ငံတွင် ကျူးလွန်နေသော ပြစ်မှုများကို ရှုတ်ချပြောကြားလိုက်ပြီး ဆက်ဒမ်ဟူစိန်အား မည်သည့်စစ်ဆေးမှုမျိုးမဆို နိုင်ငံတကာဥပဒေနှင့် မကိုက်ညီကြောင်း ထပ်မံပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်အလယ်ပိုင်း၌ ဘလက်ဟော့ခ် ရဟတ်ယာဉ် ပျက်ကျခဲ့မှု ခုခံတွန်းလှန်ရေးသမားများ၏ လက်ချက်ဟု ဝန်ခံပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံ အလယ်ပိုင်းတွင် ကြာသပတေးနေ့က ဘလက်ဟော့ခ်အမျိုးအစား ရဟတ်ယာဉ်တစ်စင်း ပျက်ကျရမှုသည် အီရတ်တွန်းလှန်တိုက်ခိုက်ရေးသမား၏ ပစ်ခတ်မှုကြောင့်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ရဟတ်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော တပ်ဖွဲ့ဝင် ကိုးဦးစလုံး သေဆုံးသွားခဲ့သည်။

ပဏာမ စမ်းသပ်စစ်ဆေးချက်များအရ အဆိုပါ ရဟတ်ယာဉ်သည် မြေပြင်မှ ပစ်ခတ်မှုကြောင့် ပျက်ကျခြင်းဖြစ်သည်ဟု ဖော်ပြနေကြောင်းဖြင့် အပေါင်းပါတပ်ဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ဗိုလ်မှူးချုပ် မတ်ကင်မစ်က ပြောကြားသည်။ စုံစမ်းစစ်ဆေးမှု မပြီးသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

— မြင်တွေ့ခဲ့ရ —

အဆိုပါ ရဟတ်ယာဉ်သည် ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်း ဖော်လူဂျာမြို့အနီးတွင် ကြာသပတေးနေ့က ပျက်ကျခဲ့ခြင်းဖြစ်သည်။ ဖော်လူဂျာဒေသသည် အမေရိကန်တပ်ဖွဲ့ဝင်များအား အပြင်းအထန် ခုခံတွန်းလှန်နေသည့် နယ်မြေဖြစ်သည်။ ယင်းရဟတ် ယာဉ် မပျက်မီက မီးတောက်ကြီးများဖြင့် မီးလောင်နေပုံကို မြင်တွေ့ခဲ့ရကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

အမည်မဖော်လိုသူ အခြားအမေရိကန်အရာရှိတစ်ဦးက အဆိုပါ ရဟတ်ယာဉ်မှ ဒုတိယရဟတ်ယာဉ်မှူးသည် မြေပြင်မှ လက်နက်ဖြင့် ပစ်ခတ်ခံခဲ့ရပြီးနောက် အမြီးဒလက် ထိခိုက်ပျက်စီးသွားသည်ဟု အစီရင်ခံခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

— ပျက်စီး —

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ်က အီရတ်နိုင်ငံတွင် အဓိက တိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဟု မေ ၁ ရက်က ကြေညာပြီးသည့်နောက် တိုက်ခိုက်ခံရမှုကြောင့် ရဟတ်ယာဉ်ခုနစ်စင်း ပျက်စီးခဲ့ရာ ရဟတ်ယာဉ်လေးစင်းသည် ဖော်လူဂျာအနီး တိုက်ခိုက်သူများ၏ ပစ်ချမှုကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည်။ ***အင်တာနက်။***

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အီရတ်လူမျိုးများအတွက် ဒေါသထွက်နေသော အမ်မရာမြို့သူ၊ မြို့သားများသည် ဆန္ဒပြသမားများကို ပစ်ခတ်ခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို အရေးယူဖမ်းဆီးရန် တောင်းဆိုခဲ့ကြသည်။ ဇန်နဝါရီ ၁၀ ရက်က အမ်မရာမြို့တွင် ဆန္ဒပြရာ ဗြိတိသျှတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံခြားရေး မူဝါဒတွင် ဝင်ရောက်စွက်ဖက်ရန် အမေရိကန်၏ ကြိုးပမ်းမှု အာဂျင်တီးနား ဝေဖန်ပြစ်တင်

ဗျူနိုအေရီ ဇန်နဝါရီ ၁၁

အာဂျင်တီးနားနိုင်ငံက ကျူးဘားနိုင်ငံနှင့် အဆက်အသွယ်လုပ်မှုကြောင့် ပေါ်ပေါက်ခဲ့ရသော အာဂျင်တီးနားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား သံတမန်ရေး အငြင်းပွားမှုမှာ ပိုမိုဆိုးရွားလာခဲ့သည်။

အာဂျင်တီးနားနိုင်ငံ သမ္မတ နက်စ်ကာကက်ချ်နာက အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်နှင့် လာမည့် သီတင်းပတ်တွင် တွေ့ဆုံသည့်အခါ ယင်းကိစ္စကို ဆွေးနွေးမည်ဖြစ်ကြောင်း ပြတ်ပြတ်သားသား ပြောကြားလိုက်သည်။

ပြစ်တင်ပြောကြား

အာဂျင်တီးနားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် ဝင်ရောက်စွက်ဖက်ရန် အမေရိကန်၏ ကြိုးပမ်းမှုများအား ကက်ချ်နာက လူသိရှင်ကြား ပြစ်တင်ပြောကြားသည်မှာ နှစ်ရက်တာအတွင်း နှစ်ကြိမ်ရှိသွားပြီဖြစ်သည်။

အာဂျင်တီးနားနိုင်ငံ၏ မူဝါဒအား ပြစ်တင်ဝေဖန်မှုကို လက်မခံနိုင်ဟု ၎င်းက ဗျူနိုအေရီသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန် ဥပဒေပြုအမတ်များအား ၎င်းက ကြာသပတေးနေ့တွင် ပြောကြားသည်။

ကျူးဘားနိုင်ငံနှင့် ရင်းရင်းနှီးနှီး ဆက်ဆံသည့်အတွက် အာဂျင်တီးနားနိုင်ငံအပေါ် စိတ်ပျက်မိကြောင်းနှင့် အာဂျင်တီးနားနိုင်ငံသည် ကက်ချ်နာ သမ္မတဖြစ်လာချိန်နောက်ပိုင်း လက်ဝဲဘက်သို့ ပို၍ တိမ်းညွှတ်လာကြောင်း ကမ္ဘာ့အနောက်ခြမ်းရေးရာဆိုင်ရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရိုဂျာနိုရီဂါက အင်္ဂါနေ့၌ ပြောကြားခဲ့ခြင်းကြောင့် အာဂျင်တီးနားနှင့် အမေရိကန်ပြည်ထောင်စုတို့ သံတမန်ရေးအငြင်းပွားမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

အနန္တဂုဏာစေတီ ဘက်စုံမွမ်းမံရေး လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စမ်းကလေးအရှေ့ကျောင်းတွင် တည်ထားကိုးကွယ်လျက်ရှိသော အနန္တဂုဏာစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရာတွင် သဒ္ဓါတတ်အားသရွေ့ လှူဒါန်းနိုင်ရန်အတွက် ဂေါပကအဖွဲ့မှ စေတနာရှင်များအား အသိပေးနှိုးဆော်ထားသည်။ (က–ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

အမျိုးသား သင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေး ရှေးရှုသော အမျိုးသားညီလာခံ

အောင်မိုးစံ

ဒီကနေ့ သဘာဝသိပ္ပံရော လူမှုသိပ္ပံအရာမှာပါ အရာရာတိုင်းဟာ တည်ငြိမ်တဲ့ အနေအထားကိုသာ ရှေးရှုပြုပြင် စီရင်နေကြမြဲဖြစ်ပါတယ်။ ကုန်ထုတ်စွမ်းအားစုတွေ ဖွံ့ဖြိုးဝေဆာပြီး တည်ငြိမ်အေးချမ်းတဲ့ဘဝနဲ့ ကုန်ထုတ်စွမ်းအားစုတွေ ပျက်ပြုန်းကုန်ပြီး ဆူပူမငြိမ်သက်တဲ့ ဘဝတို့ရဲ့ အားပြိုင်လွန်ဆွဲပွဲမှာ ပထမတိုးတက် ဖြစ်ပေါ်ရေးတရားဟာ သမိုင်းယာဉ်ရထားပေါ်မှာရှိပြီး ဒုတိယ ဆုတ်ယုတ် ပျက်ပြုန်းမှုဖြစ်စဉ်ကတော့ သမိုင်းရဲ့အမှိုက်ပုံတွေ၊ ပြတိုက်တွေထဲမှာ သိမ်းဆည်း စွန့်ပစ်ခံရတော့မယ် ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယကမ္ဘာစစ်ပြီး ခေတ်မှာ လွတ်လပ်ရေးရရှိလာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများကို ယေဘုယျ ခြုံကြည့်မယ်ဆိုရင် နှစ်မျိုးနှစ်စား ခွဲခြားနိုင်မယ်ဖြစ်ပါတယ်။ (က) ပထမအမျိုးအစားဟာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေ မှန်မှန်ကြီးတိုးတက်ဖွံ့ဖြိုးမှုကို ရရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိပ်တန်းရောက်လာကြကာ အဲဒီအထဲက အချို့သော စက်မှုနိုင်ငံသစ်များ (Newly Industrialized Countries) အဆင့်ကိုပင် တက်လှမ်းနေကြပြီးဖြစ်တဲ့ နိုင်ငံအမျိုးအစားတွေရယ်၊ (ခ) ဒုတိယအမျိုးအစားကတော့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေ ကျဆင်းဆုတ်ယုတ်ပြီး အကျပ်အတည်းတွေနဲ့ ကြုံနေရဆဲဖြစ်တဲ့ နိုင်ငံရယ်လို့ ခွဲခြားနိုင်ပါတယ်။ အဲဒီလို သမိုင်းဇာတ်ခုံပေါ်တွင် စိတ်ချမ်းမြေ့စရာ ဇာတ်လမ်းကို ကနေရတဲ့ နိုင်ငံတွေနဲ့ ဝမ်းနည်းစရာအတိပြီးတဲ့ ဇာတ်လမ်းကို ကနေရတဲ့ နိုင်ငံတွေရယ်လို့ ဘဝခြားနေရမှုကို လူမှုသိပ္ပံတရားနဲ့ သုံးသပ်အဖြေရှာကြည့်တဲ့အခါ လူ့သမိုင်းတိုးတက်ဖြစ်ပေါ်ရေး လမ်းကြောင်းမှန်ကို ရွေးချယ်နိုင်မှုနဲ့ မရွေးချယ်နိုင်မှုအပေါ် တည်နေတာ တွေ့ရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဟာ ဆိုရှယ်လစ်စနစ်ကို ချက်ချင်းမထူထောင်နိုင်ဘဲ အရင်းရှင်စနစ်ကို ဦးစွာထူထောင် ဖွံ့ဖြိုးစေမှသာ နိုင်ငံခေတ်မီတိုးတက်မှုကို ရရှိနိုင်တယ်လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။ ဒီတရား မှန်ကန်ကြောင်းကို ကမ္ဘာမှာ စက်မှုအရင်းရှင်စနစ် ဦးစွာမထူထောင်ဘဲ ဆိုရှယ်လစ်စနစ် လက်ငင်းချက်ချင်းထူထောင်ခဲ့တဲ့ နိုင်ငံတွေ ကျဆုံးကုန်ပြီး အရင်းရှင်စနစ်ရဲ့ ဈေးကွက်စီးပွားရေးကို ဦးစွာထူထောင်ခဲ့တဲ့ နိုင်ငံတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်နေမှုတို့က ကိုယ်ထင်ပြလျက်ရှိပါတယ်။ အရင်းရှင်ဈေးကွက်စီးပွားရေးစနစ်ကို ဦးစွာထူထောင်ရာတွင်လည်း မိမိတို့ လူမှုဘဝရောက်ရှိနေတဲ့ ကာလ၊ ဒေသ၊ ပတ်ဝန်းကျင်အခြေအနေတွေအပေါ် ဖောက်ကျူးပြီး လူမျိုးဆက်ပေါင်းများစွာနဲ့ ထူထောင်တိုးတက်လာတဲ့ စက်မှုအရင်းရှင်နိုင်ငံကြီးတွေကို ချက်ချင်းပုံတူကူးကျင့်သုံးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း အခြေမခိုင်ဘဲ ပျက်ပြားသွားခဲ့ကြပါတယ်။ ဒါကြောင့် မိမိတို့ လူမှုဘဝရောက်ရှိနေတဲ့ ကာလ၊ ဒေသ၊ ပတ်ဝန်းကျင်နဲ့ ကိုက်ညီမှန်ကန်စွာ အရင်းရှင်စနစ်ရဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီကို ကျင့်သုံးလာခဲ့သော ဖော်ပြခဲ့တဲ့ ပထမအမျိုးအစား နိုင်ငံများကသာ မှန်မှန်ကြီး ဖွံ့ဖြိုးတိုးတက်လာခဲ့တာဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံဟာ အဲဒီနိုင်ငံများလို လူ့သမိုင်း ဖြစ်ပေါ်တိုးတက်ရေးလမ်းမှန်ပေါ်ကို ရောက်လာပြီဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ ထူထောင်ရေးလမ်းမှန်ပေါ်ကို ရောက်လာပြီဖြစ်ပါတယ်။ မိမိတို့ လူ့အဖွဲ့အစည်း ပကတိရောက်ရှိနေတဲ့ ကာလ၊ ဒေသ၊ ပတ်ဝန်းကျင်နဲ့အညီ ဒီမိုကရေစီနိုင်ငံထူထောင်ရေး ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကိုလည်း ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

အခုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲလာတဲ့ တပ်မတော်အစိုးရဟာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးစားပေး ကြိုးပမ်းလာခဲ့ပါတယ်။ အဲဒီလို ကြိုးပမ်းရာမှာ လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ဟိုတစ်ချိန်က အစိုးရအဆက်ဆက် ခွင့်မပြုခဲ့တဲ့၊ မဆောင်ရွက်နိုင်ခဲ့တဲ့ မိမိတို့ဒေသအတွင်း လက်နက်များ ကိုင်ဆောင်ထားနိုင်ခွင့်၊ ဒေသဆိုင်ရာ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ခွင့်များ ပေးထားပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ပေါင်းစည်းရေးကို ချောမွေ့၊ ဝေဒနာနည်းပါးစွာနဲ့ အကောင်အထည်ဖော်နေတာပဲ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ သက်တမ်းရှည်ကြာသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ မီးတောက်လောင်လာခဲ့တဲ့ မြန်မာနိုင်ငံအဖို့ နိုင်ငံကို အခုထက်ပိုပြီး အင်အားကုန်ခန်း ဆုတ်ယုတ်စေမှု မဖြစ်စေသင့်တော့ပါ။ ဒီလက်နက်ကိုင် ပဋိပက္ခမျိုးဟာ အချိန်တိုအတွင်း အဆုံးသတ်စေတဲ့ စစ်မက်အင်္ဂါမဟုတ်ဘဲ နှစ်ကာလရှည်ကြာစွာ စစ်မက်ဖက်ပြိုင်ကြရတာဖြစ်လို့ ကာယကံရှင် နှစ်ဖက်ရယ်၊ ကြားက မြေစာပင် တိုင်းသူပြည်သားများရယ်တို့ဟာ အကန့်အသတ်မရှိ အဲဒီလက်နက်ကိုင် ပဋိပက္ခ မီးတောက်မီးလျှံအတွင်းသို့ သွတ်သွင်းစတေးခံကြရပါတယ်။ တိုင်းပြည်ရှိ သက်ရှိသက်မဲ့ကုန်လုပ်စွမ်းအားစုတွေ၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ သားသမီးရတနာ ကဋ္ဌေကဋ္ဌာတို့ဟာလည်း တည်ဆောက်ပွားစီးရေးဘက်သို့ ရောက်မလာဘဲ ပျက်စီးပြုန်းတီး ကုန်ကြရတယ်။ အဲဒီလို လူမှုစီးပွားရေးတွေ ကျဆင်းကုန်တာနဲ့ အမျှ လူထုတွေရဲ့ အသိစိတ်ဓာတ်တွေဟာ ခက်ထန်ကြမ်းတမ်း ဖောက်ပြန် ယိုယွင်းကုန်တော့တယ်။ ဒီအခါ သာယာညင်းပျောင်းတဲ့ ဥပဒေတွေနဲ့ အုပ်ချုပ်လို့ မရနိုင်တော့ဘဲ တင်းကျပ်ပြင်းထန်တဲ့ ဥပဒေတွေနဲ့ ညှပ်ကွပ်တဲ့ အုပ်ချုပ်ရေးတွေသာ ဖြစ်လာရတော့တယ်။ ဒါကြောင့် အခုလို ရှည်ကြာလာပြီဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်လမ်းစဉ်ကို အလေးအနက် သုံးသပ်ဆင်ခြင်ဖို့ အချိန်အခါကျရောက်လာပြီ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ အခြားသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခရှိနေတဲ့ အာရှ–အာဖရိကနိုင်ငံတွေကို ကြည့်ရင်လည်း ဘယ်နိုင်ငံမှာမှ အကောင်းဆိုလို့ ပြစရာမရှိဘဲ ပြည်သူတွေ အကျပ်အတည်း အငတ်ဘေးပင် ဆိုက်ရောက်နေတာ တွေ့နေရပါတယ်။ ကယ်တင်ရှင်ဆိုတဲ့ နိုင်ငံကြီးတွေကလည်း လက်နက်ရောင်းလိုက်၊ ရိက္ခာကူလိုက်နဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆိုသလို စခန်းသွားနေကြတာကို မျက်ဝါးထင်ထင်ပင် ဖြစ်ပါတယ်။

ဒီကနေ့ တပ်မတော်အစိုးရခေတ်တွင် နှစ်ရှည်ကြာစွာ အစိုးရအဆက်ဆက်ကို လက်နက်ကိုင် ပုန်ကန်ခြားနားလာခဲ့တဲ့ လူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့တို့ ဥပဒေဘောင်တွင်းသို့ ဝင်ရောက်လက်တွဲလာတာဟာ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးစခန်းတစ်ခုသို့ တက်လှမ်းလာမှု ဖြစ်ပါတယ်။ လူ့သမိုင်း ဖြစ်ပေါ်တိုးတက်ရေး လမ်းမှန်ပေါ်မှာ ပြန်လည်သင့်မြတ်လာခဲ့တာလည်း ဖြစ်ပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းများအနေနဲ့ မိမိတို့ယုံကြည်တဲ့ ဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်ရာတွင် နည်းဗျူဟာအမျိုးမျိုး ချမှတ်ကျင့်သုံးရမြဲဖြစ်ပါတယ်။ အဲဒီမှာ လက်နက်ကိုင် တိုက်ပွဲလမ်းစဉ်ဟာ နည်းဗျူဟာတစ်ခုမျှသာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံရေးလမ်းစဉ်ရဲ့ လက်အောက်ခံ တစ်ခုမျှသာဖြစ်ပါတယ်။ ဒီလက်နက်ကိုင်လမ်းစဉ် နည်းဗျူဟာကို ကိုင်စွဲခြင်းဖြင့် တိုင်းပြည်နဲ့လူမျိုးအကျိုးစီးပွားကိုလည်း ဆုတ်ယုတ်စေမယ်။ မိမိတို့ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရေးမှာလည်း အတားအဆီးဖြစ်လာမယ်ဆိုရင် အချိန်မီ အခြားသော နည်းဗျူဟာများကို ပြောင်းလဲကျင့်သုံးသွားရမယ်သာဖြစ်ပါတယ်။

တစ်ချိန်က အမေရိကန်နိုင်ငံမှာ အသားအရောင်ခွဲခြားမှုအတွက် တိုက်ပွဲဝင်ခဲ့တဲ့ လူမည်းခေါင်းဆောင် မာတင်လူသာကင်းက "မိမိတို့အနေနဲ့ လူဖြူတွေရဲ့ အသားအရောင်ခွဲခြားဖိနှိပ်မှုက လွတ်မြောက်အောင် ကြိုးပမ်းရာတွင် တိုင်းရင်းသား လူနီရက်ဒ်အင်ဒီယန်းတွေရဲ့ လက်နက်ကိုင်တိုက်ပွဲ လမ်းစဉ်ကို အတုမယူသင့်ကြောင်း၊ လူနီများဟာ အဲဒီလမ်းစဉ်အမှားကြောင့် နာလန်မထူနိုင်အောင် ဖြစ်ခဲ့ရကြောင်း၊ ဂန္ဒီရဲ့ ဥပဒေတွင်း အကြမ်းမဖက်ရေးလမ်းစဉ်ကိုသာ လိုက်နာသင့်ကြောင်း" ပြောကြားခဲ့ပါတယ်။ ဒါကြောင့် အမေရိကန်သမိုင်းတွင် ၉၄ နှစ်အကြာမှာ လူမည်းများ ဆန္ဒမဲပေးခွင့်ရရှိပြီး ရက်ဒ်အင်ဒီယန်းလူနီများဟာ ၁၇၂ နှစ်ကြာမှသာ ဆန္ဒမဲပေးခွင့်ရရှိလာတာ တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲမဆို ကုန်လုပ်စွမ်းအားစုတွေရဲ့ သက်ရှိရှေ့ဆောင်လူသားတွေရော ကုန်လုပ်စွမ်းအားစုတွေကိုပါ ဆိုးရွားစွာ ပျက်စီးဆုတ်ယုတ်လို့ ဖြစ်ပါတယ်။

ဒီကနေ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲနေတဲ့ တပ်မတော်အစိုးရဟာ လာမယ့် အမျိုးသားညီလာခံကြီးကတစ်ဆင့် အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေးသို့ တက်လှမ်းကူးပြောင်းဖို့ ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒီအတွက် ဥပဒေတွင်း၊ ဥပဒေပ အမျိုးသားအင်အားစုများနှင့် ပြန်လည်သင့်မြတ်စည်းလုံးရေးကို မနားမနေ ကြိုးပမ်းနေတာဖြစ်ပါတယ်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟာ မြန်မာနိုင်ငံ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု နောက်ဆက်တွဲ အစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံ (၅၈)ကြိမ်မြောက် အစည်းအဝေးသို့ တင်သွင်းခဲ့ပါတယ်။ အဲဒီအစီရင်ခံစာမှာ အတွင်းရေးမှူးချုပ်က မြန်မာအစိုးရ ဝန်ကြီးချုပ်သို့ အကြောင်း ပြန်ကြားစာမှာရယ်၊ မြန်မာနိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံရာမှာရယ်၊ မြန်မာအစိုးရရဲ့ အနာဂတ်နိုင်ငံရေးလမ်းစဉ် ခုနစ်ရပ်တို့ဟာ ခိုင်မာတဲ့ ပြုပြင်ရေးခြေလှမ်းတွေဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း အဲဒီလမ်းစဉ်များကို အကောင်အထည်ဖော်ရာမှာ မြန်မာနိုင်ငံရေးပါတီများ၊ အမျိုးသားခေါင်းဆောင်များ၊ လူမျိုးစုအဖွဲ့အစည်းများနဲ့လည်း လက်တွဲအကောင်အထည်ဖော်သွားစေလိုကြောင်း ဖော်ပြခဲ့တယ်။

အခုလိုအခါသမယမျိုးမှာ ငြိမ်းချမ်းတဲ့နည်းနဲ့ တူညီတာတွေ လက်တွဲဆောင်ရွက်ပြီး မတူညီသေးတာတွေကို တိုင်းရင်းသား မိသားစုချင်းသဖွယ် အချိန်ယူ ညှိနှိုင်းသွားကြဖို့ အလားအလာအကောင်းဆုံးအချိန်ဖြစ်ပါတယ်။ ဒီအခွင့်အခါကောင်းကို ကိုင်စွဲအကောင်အထည်ဖော်သွားဖို့ လက်နှေးနေတာနဲ့အမျှ တိုင်းသူပြည်သားတွေရဲ့ တိုင်းပြည်ဖွံ့ဖြိုးမှု အရှိန်အဟုန်တွေလည်း နှေးကွေးနေဦးမယ်ဖြစ်ပါတယ်။ ဝေဒနာတာရှည်နေဦးမယ် ဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားအင်အားစုများ အထူးသဖြင့် တောတွင်းလက်နက်ကိုင် အင်အားစုများအနေနဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ပြီး အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေးရှေးရှုသော အမျိုးသားညီလာခံကြီးတွင် ပါဝင်ကာ အမျိုးသားရေးအကျိုးကို လက်တွဲဆောင်ရွက်သွားဖို့ အထူးတလည် တိုက်တွန်းအပ်ပါတယ်။ ။

ရန်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် ရန်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ Yangon Trade Fair 2004 ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန Yangon Trade Centre တွင် Quartz International Co., Ltd. မှ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက္ကူ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း အမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့ကို ပြပွဲလာရောက်သူများအတွက် ကံစမ်းမဲအစီအစဉ်၊ ပြခန်းအလှဆုံးပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment ၏ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။ (က–ပ)

ဆော့ဖ်ဝဲအင်ဂျင်နီယာရင်းသင်တန်း တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

Informatics(လမ်းမတော်)တွင် IT ဖြင့် အသက်မွေးလိုသူများအတွက် သော်လည်းကောင်း၊ IT အသိပညာ ဆည်းပူးလိုသူများအတွက်သော် လည်းကောင်း၊ Software Engineering သင်တန်းကို အခြေခံမှစ၍ လုပ်ငန်းခွင်ဝင်ရောက် လုပ်ကိုင်နိုင်သည်အထိ Sigapore Informatics မှ သင်ရိုးညွှန်းတန်းများဖြင့် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းအောင်မြင်ပြီးဆုံးပါက Singapore မှ တိုက်ရိုက် ချီးမြှင့်သော Certificate ရရှိမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

Programming သင်တန်းများအဖြစ် Object-Oriented Programming Concept နှင့် တွဲဖက်၍ စနစ်တကျ သင်ကြားပေးသော OOP C++, OOP Java (Level 1& 2) နှင့် Visual Basics 6 သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် Windows & Office(အခြေခံနှင့် ရုံးလုပ်ငန်း ကျွမ်းကျင်သင်တန်း)၊ DTP (စာစီစာရိုက်လုပ်ငန်း ကျွမ်းကျင်သင်တန်း)၊ Acc PAC (9.0 A) (R-14, 2002)(ကွန်ပျူတာဖြင့် စာရင်းကိုင်နည်းသင်တန်း)၊ Auto CAD(အင်ဂျင်နီယာ ဒီဇိုင်းဆွဲနည်းသင်တန်း)တို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အသေးစိတ်သိရှိလိုပါက အမှတ်(၇၅၄) (၁၆)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် လမ်းမတော်မြို့နယ် ဖုန်း–၂၅၁၀၆၄ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** (က) ဒုတိယနှစ် (အရှေ့တိုင်းပညာ) (ခ) ဒုတိယနှစ် (အင်္ဂလိပ်စာ)
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း–၆)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ဆောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း–၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

သီတဂူ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၃

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ၊ သပိတ်အိုင်တောရ၊ သဲကုန်းဆရာတော် အရှင် ဒေါက်တာဉာဏိဿရ (D.Litt)၏ အထူးတရားပွဲကို ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၇၇) ဗုဒ္ဓကလျာဏယုဝအသင်း (Y.M.B.A) ရှေ့၌ ဇန်နဝါရီ ၁၇ရက် (စနေနေ့) ည ၆နာရီတွင် ကျင်းပမည်ဖြစ်ရာ တရားနာကြွရောက်ကြရန် ဖိတ်ကြားထားသည်ဟု သိရသည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄ ဖွင့်ပွဲအခမ်းအနားတွင် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄

ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၃

သမဝါယမအသင်းများ ပူးပေါင်းဆောင်ရွက်ခြင်း (Co-operation Among Co-operatives) နည်းအရ ကုန်စည်ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်ရရှိပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ပပို့ကုန်ပစ္စည်းများ၊ အမယ်သစ်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ခင်းကျင်းပြသသည့် "သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ)၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ "သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄" ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် စီးပွားရေးသံမှူးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ "သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄" ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း သမဝါယမဦးစီးဌာနနှင့် အရောင်းပြခန်းတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် အမှတ်(၂)နှင့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့ဝင် ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က "သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄" ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦးနှင့် သမဝါယမ ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ) တည်ဆောက်ရေးကော်မတီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမောင်မောင်တို့က "သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄" ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော်များသည် "သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄" ခင်းကျင်းပြသသည့် ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ မြေညီထပ်နှင့် မြက်ခင်းပြင်တို့တွင် ခင်းကျင်းပြသထားသည့် သမဝါယမ ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ခင်းကျင်းပြသ

သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄ တွင် ဝန်ကြီးဌာနများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ၊ ပြည်နယ်နှင့်တိုင်း သမဝါယမအသင်း ၁၀၉သင်းတို့မှ မြေညီထပ်တွင် ပြခန်း၆၃ခန်း၊ ပထမထပ်တွင်ပြခန်း ၇၇ခန်း၊ ဒုတိယထပ်တွင် ပြခန်း ၈၆ခန်းနှင့် မြေကွက်လပ်တွင်ပြခန်း ၄၅ခန်း စုစုပေါင်းပြခန်း ၂၇၁ခန်း ဖွင့်လှစ်ကာ သမဝါယမ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသထားသည်။

ပူးတွဲပြသ

အဆိုပါသမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်ကို ယနေ့မှစ၍ ဇန်နဝါရီ ၁၉ရက်ထိ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး တစ်ကိုယ်တော် ဆိုပျော်အစီအစဉ်၊ဈေးကွက်မြှင့်တင် ကြော်ငြာ အစီအစဉ်တို့ကိုပါ ပူးတွဲပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းနှင့် ဇနီး ဒေါ်နန်းအေးအေးမြင့် (Ruby Dragon Jade & Gems Co.,Ltd) သား၊ သမီးမိသားစုက လူမှုဝန်ထမ်းဦးစီးဌာနသို့ လှူဒါန်းငွေကျပ် သိန်း ၄၀ကို လက်ခံရယူစဉ်။ (လူမှုဝန်ထမ်း)

လူမှုဝန်ထမ်းဦးစီးဌာနအတွက် ငွေလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဂီတအနုပညာခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွေး တက်ရောက်၍ အလှူငွေများလက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ၊ မျက်မမြင်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်း ငြိမ်းချမ်းရေးအဖွဲ့ ဗဟိုကော်မတီ အထူးစီးပွားရေးတာဝန်ခံ သီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ Ruby Dragon Jade and Gems Co., Ltd ကျောက်စိမ်းနဂါးကုမ္ပဏီ)၊ ဇနီး ဒေါ်နန်းအေးအေးမြင့်နှင့် သားသမီးများ ဖြစ်ကြသော မောင်ကောင်းမြတ်သူ၊ မမြင့်မြတ်သူ၊ မောင်ရဲမြတ်သူ၊ မောင်မင်းမြတ်သူ မိသားစုက လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်း၊ မန္တလေး နားမကြားသော ကလေးများကျောင်းနှင့် အခြား သင်တန်းကျောင်းများအတွက် အလှူငွေကျပ်သိန်း ၃၀တို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

သီဆိုဧည့်ခံ

ထို့နောက် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက တေးသီချင်းများဖြင့် သီဆိုဧည့်ခံကြပြီး ငွေလှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အထူးအရာရှိနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက မျက်မမြင်ကျောင်းအတွင်းရှိ မျက်မမြင် ကွန်ပျူတာခန်း၊ လက်မှုကြိမ်ထိုးပညာသင်ခန်း၊ အနှိပ်ပညာသင်ခန်း၊ မျက်မမြင် စာပေသင်ကြားမှုအခန်းများကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၁ရက်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာ ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

စိုက်ပျိုးထားမှု အခြေအနေနှင့် ပင်လယ်ကမ်းခြေ၏ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောပြင်ကျေးရွာသို့ ရောက်ရှိကြရာ မြို့နယ်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ပင်လယ်ကူးသင်္ဘောကြီးများ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ထားဝယ်မြို့မှ ၄၃မိုင်နှင့် ထားဝယ်မြစ်ဝမှ ၇ ဒသမ ၅ မိုင်အကွာရှိ ညောပြင်ကျေးရွာတွင် တန်ချိန် ၅၀၀၀၀ဆံ့ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်မည့် ညောပြင်ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့်အခြေအနေ၊ ကုန်လှောင်ရုံနှင့် စက်မှုဇုန် တည်ဆောက်နိုင်မည့် ပတ်ဝန်းကျင်အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အိမ်နီးချင်းနိုင်ငံများ၊ ဒေသအတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ညောပြင်ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့်အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ်ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းသည် ဒုတိယ ကမ္ဘာစစ်ကာလက အိမ်နီးချင်းနိုင်ငံနှင့် ဆက်သွယ်သောလမ်းများ၊ ရထားလမ်းများရှိခဲ့သော်လည်း နောက်ပိုင်းကာလများတွင် အကြောင်းအမျိုးမျိုးကြောင့် လမ်းများ ပျောက်ပျက်သွားခဲ့ရကြောင်း။

ယခုအခါတွင် မြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည်နှင့်အညီ နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ ပြန်လည်တည်ဆောက်ရန်အခြေအနေများ ဖြစ်ပေါ်လာကြောင်း။

လမ်းမကြီးများဖောက်လုပ်ရန်စီစဉ်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသတို့၏ အလယ်ဗဟို၌ရှိနေရာ ယနေ့အချိန်အခါကဲ့သို့ ဒေသတွင်း နိုင်ငံများ အချင်းချင်းစီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်းလာသည့် အချိန်အခါတွင် မြန်မာနိုင်ငံကို ဖြတ်သန်းလျက် ဒေသတွင်းနိုင်ငံများနှင့် ကူးသန်းဆက်သွယ်နိုင်သည့် လမ်းမကြီးများ ဖောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံများ ပူးပေါင်းလျက် ဒေသတွင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးအတွက် နိုင်ငံများအကြား အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

အစီအမံများချမှတ်

အလားတူပင် အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံဆက်သွယ်မည့် လမ်းမကြီးဖောက်လုပ်ရေးအပါအဝင် ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လည်း မိမိတို့ နိုင်ငံများအကြား အစီအမံများ ချမှတ်ထားပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ တနင်္သာရီတိုင်း ထားဝယ်ဒေသတွင် ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် အခြေအနေ၊ အိမ်နီးချင်းနိုင်ငံနှင့် ဆက်သွယ်မည့် လမ်းမကြီး ဖောက်လုပ်နိုင်မည့် အခြေအနေနှင့် ယင်းအစီအစဉ်များနှင့်အတူ ထားဝယ်ဒေသအတွင်း စက်မှုလုပ်ငန်းကြီးများ ထူထောင်နိုင်မည့် အခြေအနေတို့ကို မျက်မြင်လေ့လာသိရှိနိုင်ရန် ယခုကဲ့သို့ ထားဝယ်ဒေသသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်အစိုးရဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်များက နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးနှင့် ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် မိမိတို့ ကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ဖွယ်ရာများကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများ မေးမြန်းထွက်ခွာလာကြပြီး လောင်းလုံးမြို့နယ် တောကျဲကျေးရွာရှိ တောကျဲရေတံခွန်နှင့် ရေလှောင်ကန်၏အခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လောင်းလုံးမြို့နယ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်ရှိ မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ကာ ညောပြင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဆင့် တိုးမြှင့်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောပြင်ကျေးရွာမှ ပြန်လည်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာလှလှကြည်နှင့် ဆရာဝန်၊ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ရှိ ၁၆ ခုတင်ဆံ့ ဆေးရုံကို ၂၅ခုတင်ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ပေးပြီး ၂၅ ခုတင်ဆံ့ဆေးရုံ အင်္ဂါရပ်များနှင့်အညီ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မောင်းမကန်ကမ်းခြေ

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရှိ မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မောင်းမကန်ကမ်းခြေ ရှင်းလင်းဆောင်၌ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က မောင်းမကန်ကမ်းခြေ၏ တည်နေရာနှင့် အကျယ်အဝန်း၊ မောင်းမကန်ကမ်းခြေ၏ လက်ရှိ မြေအသုံးချမှု၊ မောင်းမကန်ကမ်းခြေဖွံ့ဖြိုးရေးအတွက် မောင်းမကန်ကမ်းခြေ၊ ကျောက်ဆင်ကမ်းခြေနှင့် မျှော်ရစ်ဘုရားဝန်းကျင် ဟူ၍ အပိုင်းများ ခွဲခြားထားမှု၊ ကမ်းခြေ အနေအထား၊ လမ်းပန်းဆက်သွယ်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက မောင်းမကန်ကမ်းခြေ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်ဇုန်၌ ပုဂ္ဂလိက လုပ်ငန်းရှင်များ ဟိုတယ်လုပ်ငန်း ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Maungmakan Developers Group ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်တို့က မောင်းမကန်ကမ်းခြေ၌ ဟိုတယ်လုပ်ငန်းများ စတင်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အိမ်နီးချင်းနိုင်ငံများ၊ ဒေသအတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မောင်းမကန်ဒေသသည် ပင်ကိုသဘာဝအခြေအနေ မပျက်ယွင်းသေးသည့် ညီညာပြန့်ပြူးပြီး သာယာလှပသည့် သဲသောင်ပြင်များရှိသော ပင်လယ်ကမ်းခြေ အပန်းဖြေဒေသတစ်ခုဖြစ်ကြောင်း။

ယခုအချိန်အခါတွင် နိုင်ငံတကာ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တွင်ကျယ် ခေတ်စားလာသည့်နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းစေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာ ဒေသခံရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မောင်းမကန်ကမ်းခြေ ရှင်းလင်းဆောင်၌ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က မောင်းမကန်ကမ်းခြေ၏ တည်နေရာနှင့် အကျယ်အဝန်း၊ မောင်းမကန်ကမ်းခြေ၏ လက်ရှိ မြေအသုံးချမှု၊ မောင်းမကန်ကမ်းခြေဖွံ့ဖြိုးရေးအတွက် မောင်းမကန်ကမ်းခြေ၊ ကျောက်ဆင်ကမ်းခြေနှင့် မျှော်ရစ်ဘုရားဝန်းကျင် ဟူ၍ အပိုင်းများ ခွဲခြားထားမှု၊ ကမ်းခြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက မောင်းမကန်ကမ်းခြေ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်ဇုန်၌ ပုဂ္ဂလိက လုပ်ငန်းရှင်များ ဟိုတယ်လုပ်ငန်း ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Maungmakan Developers Group ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်တို့က မောင်းမကန်ကမ်းခြေ၌ ဟိုတယ်လုပ်ငန်းများ စတင်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တိုးတက်ကောင်းမွန်လာမည်

ထို့အပြင် ထားဝယ်ဒေသကို အခြေပြုပြီး နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံနိုင်မည့် ပင်လယ်ရေနက်ဆိပ်ကမ်းနှင့် လမ်းမကြီးတစ်ခု ဖြစ်ထွန်းလာမည့်အခြေအနေ ဖြစ်ပေါ်လာရာ ထားဝယ်ဒေသအနေဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ရေး တိုးတက် ကောင်းမွန်လာတော့မည် ဖြစ်ကြောင်း။

ထိုသို့သော အချိန်အခါတွင် ပင်ကိုရှိထားပြီးဖြစ်သည့် မောင်းမကန် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုနှင့် လိုက်လျောညီထွေစွာ အဆင့်မြင့်တင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။



ရေလှောင်ကန်အခြေအနေ ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ရက်တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် တောကျဲကျေးရွာရှိ တောကျဲရေတံခွန်နှင့် ရေလှောင်ကန်အခြေအနေကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

...် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ ရက်က ...မြို့နယ်ရှိ မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက် ...၌လုပ်ငန်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အိမ်နီးချင်းနိုင်ငံများ၊ ဒေသအတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မောင်းမကန်ဒေသသည် ပင်ကိုသဘာဝအခြေအနေ မပျက်ယွင်းသေးသည့် ညီညာပြန့်ပြူးပြီး သာယာလှပသည့် သဲသောင်ပြင်များရှိသော ပင်လယ်ကမ်းခြေ အပန်းဖြေဒေသတစ်ခုဖြစ်ကြောင်း။

ယခုအချိန်အခါတွင် နိုင်ငံတကာ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တွင်ကျယ် ခေတ်စားလာသည့်နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းစေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းညှိနှိုင်း

ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တိုင်းရင်းသား လုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းပြီး မောင်းမကန် ဒေသကို အဆင့်မီပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုအဖြစ် ဖြစ်ထွန်းလာစေရအောင် အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးနှင့် ပါမောက္ခများ၊ တွဲဖက် ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ထားဝယ်တက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော မဟာအရည်အချင်းစစ် သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများအခြေအနေ၊ သင်ကြားပို့ချနေသောအထူးပြုဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူ ဦးရေ၊ ကွန်ပျူတာ ၁၅လုံး အသုံးပြု သင်ကြားပေးလျက်ရှိသော IT Centre Rooms များ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီး အင်အား၊ တည်ဆောက်ရေးလုပ်ငန်းများ အပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးသိန်းစောက ထားဝယ်တက္ကသိုလ်၌ ၁၀ခန်းပါ နှစ်ထပ်စာသင်ဆောင်များ၊ ကျောင်းသား ၃၀၀ ဆံ့ စာသင်ခန်းမ နှစ်လုံး ၁၀ခန်းပါ နှစ်ထပ်စီမံခန့်ခွဲရေးဆောင်၊ အခန်း ၂၀ ပါ ဆရာ၊ ဆရာမဆောင်များ၊ ကျောင်းသား၊ ကျောင်းသူ နားနေဆောင်များ တည်ဆောက်ပြီးစီးနေမှု၊ ပြင်ပရေ၊ လျှပ်စစ်မီး လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပင်မဆောင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထားဝယ်တက္ကသိုလ်၌ ဘွဲ့နှင်းသဘင် ခန်းမပါသော ပင်မဆောင်တည်ဆောက်ရန် စီစဉ်ရေးမှာကြားပြီး ထားဝယ်တက္ကသိုလ်ပရဝဏ်အတွင်း လှည့်လည်၍ စာသင်ဆောင်များ၊ ကျောင်းသူနားနေဆောင်နှင့် အုပ်ချုပ်ရေးရုံး အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲကို ကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာ တစ်စုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အား ပေးအပ်သည်။

ယင်းနောက် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွက် ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်ငါးသိန်း၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်ငါးသိန်းနှင့် Tour Mandalay Co., Ltd မန်နေဂျင်း ဒါရိုက်တာ ဦးခင်ဇော်က ငွေကျပ်နှစ်သိန်းတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အားပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာသင်ထောက်ကူ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းညွန့်နှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲကို ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာ တစ်စုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းညွန့်အား ပေးအပ်သည်။

ထို့နောက် ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ငွေကျပ်ငါးသိန်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်ငါးသိန်း၊ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်ငါးသိန်းနှင့် Tour Mandalay Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးခင်ဇော်က ငွေကျပ်နှစ်သိန်းတို့ကို ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းညွန့်အား ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Application & Computer Aided Instruction Room ကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ လောကသရဖူ လျောင်းတော်မူဘုရားကြီးကို သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အာရုံခံတန်ဆောင်းအတွင်း၌ ထားဝယ်မြို့နယ် ကနိုင်းဒါစ်ပြ ကျေးရွာ ပိဋကတ်တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကသရဖူ လျောင်းတော်မူဘုရားကြီး ဘက်စုံလုပ်ငန်းအတွက် အလှူငွေများကို လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက စုပေါင်းလှူဒါန်းငွေများကို လည်းကောင်း ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➩

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ရက်တွင် တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် ပရဝဏ်အတွင်း ဘွဲ့နှင်းသဘင်ခန်းမပါသော ပင်မဆောင် တည်ဆောက်မည့်နေရာကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည် လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

စာမျက်နှာ ၉ မှ

သည် အာရုံခံတန်ဆောင်းအတွင်း အပူဇော်ခံထားသော လောကသရဖူ လျောင်းတော်မူဘုရားကြီး၏ နဖူးသင်းကျစ်တော်နှင့် ဥဏ္ဏာလုံမွေးရှင်တော်တို့အားပူဇော်ကြည်ညိုကြပြီး ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံမှု လုပ်ငန်းများကို ကြည့်ရှုကြသည်။

ထားဝယ်ဘူတာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထားဝယ်ဘူတာရုံသို့ ရောက်ရှိကြရာ မြန်မာ့မီးရထား တိုင်းအင်ဂျင်နီယာ ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မော်လမြိုင်-ထားဝယ် ရထားလမ်း ပြေးဆွဲနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ လိုအပ်မှုများ မှာကြားပြီး ထားဝယ်ဘူတာ ရုံကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဟိန္ဒူးရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

ဖြည့်ဆည်း ဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် အောက်ရေဖြူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပြီး ပညာရေး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အကပြိုင်ပွဲ
- ၈:၂၀ ၇။ ကျောက်ကြီးပေါက်တံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Learning English The Easy and Happy Way for Children and Beginner.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၅:၅၅ ၉။ တေးဂီတအစီအစဉ်
- ၆:၁၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၂၀ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success in Soccer.
- ၇:၁၀ ၁၅။ နိုင်ငံ့ဝင်ငွေတိုးပွားစေရာ မြန်မာပြည်အနှံ့စိုက်ပျိုးမှာ
- ၇:၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၇။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း-၂)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၁၄)**
- ၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်၁၀မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲပဌမနေ့
စခန်းသိမ်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲ ပဌမနေ့စခန်းသိမ်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆောင်ရွက်သည်။

စခန်းသိမ်းအခမ်းအနား

စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲ ပဌမနေ့ စခန်းသိမ်းအခမ်းအနားတွင် ဦးဆောင် သဘာပတိအဖြစ် ဦးလှမြိုင်(ကိုဆောင်း)၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးသော်ကောင်းနှင့် ဦးတင်ခ(တက္ကသိုလ်တင်ခ)တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ဦးဆောင်သဘာပတိ ဦးလှမြိုင်(ကိုဆောင်း)က စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲ စခန်းသိမ်းအခမ်းအနား အဖွင့်အမှာစကားပြောကြားပြီး စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က ကျင်းပရေး လုပ်ငန်းကော်မတီ၏ သုံးသပ်တွေ့ရှိချက် အစီရင်ခံစာမူကြမ်းကိုဖတ်ကြားတင်ပြသည်။ယင်းနောက် သုတစွယ်စုံ စာအုပ်တိုက် စာတည်းချုပ် ဒေါက်တာတင်ထွန်းဦးက စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲသဘာပတိများ၊ စာတမ်းရှင်များနှင့် အခမ်းအနားမှူးများကိုဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဦးဆောင်သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က ကျေးဇူးတင်စကားနှင့် နိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ထားဝယ်မြို့ ဘူတာရုံ

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ထားဝယ်မြို့နှင့် မော်လမြိုင်မြို့သို့ ပြေးဆွဲနေသည့် ထားဝယ်မြို့ ဘူတာရုံကို တွေ့ရစဉ်။

(သတင်းစဉ်)

မိတ်ဆက်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲတွင် သဘာပတိဆရာကြီး ဦးသော်ကောင်းက စာတမ်းများနှင့်ပတ်သက်၍ မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

❀ **မြန်မာနိုင်ငံမှ**
(၁၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ဤကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းများ တိုးတက်အောင်မြင်မှု၊ အားနည်းချက် အားသာချက်များကို သုံးသပ်ဆွေးနွေးပြီး ရှေ့ဆက်လုပ်မည့် လုပ်ငန်းစဉ်များကိုလည်း ချမှတ်ပေးလျက်ရှိကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်နှစ်ရပ်ကို ရဲတပ်ဖွဲ့က အဓိကတာဝန်ယူ ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့၏ တာဝန်မှာ ကြီးမားလှကြောင်း၊ ထို့ကြောင့် ကိုလိုနီခေတ်က ပေါက်ဖွားလာခဲ့ရသည့် ရဲတပ်ဖွဲ့ကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲတိုးတက်ရန် အရေးကြီးကြောင်း။

လမ်းညွှန်မှုပြုခဲ့

နိုင်ငံတော်အကြီးအကဲက ရဲတပ်ဖွဲ့ကြီးကို စည်းစနစ်ကျနသော၊ ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်အောင်၊ နိုင်ငံတော် ကာကွယ်ရေးအရန်အင်အားလည်းဖြစ်အောင် ပြုပြင်ပြောင်းလဲသွားရန် လမ်းညွှန်မှု ပြုခဲ့ပြီးဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိပြီး စွမ်းရည်ပြည့်ဝ၊ ခေတ်မီရမှာဖြစ်ကြောင်း။

ထို့ကြောင့်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

ပြီးခဲ့သည့် (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့က ကော်မတီ၏ နာယကများအဖြစ်လည်းကောင်း၊ မိမိက ကော်မတီ၏ဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည့်အတွက် ယခု (၁၄)ကြိမ်မြောက် အစည်းအဝေး၌ ဥက္ကဋ္ဌအဖြစ် မိမိ စတင်တာဝန်ယူ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ပြန်လည်သုံးသပ်

ကော်မတီ၏ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်မည်ဆိုလျှင်–

- ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူများ တရားဥပဒေ၏ အကာအကွယ်အောက်၌ စိတ်ချမ်းမြေ့လွတ်လပ်စွာ ပရိယေသန ဝမ်းစာရှာမှီးနိုင်ရေးတို့အတွက် ရဲတပ်ဖွဲ့တစ်ခုလုံးက မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်းတရားများလက်ကိုင်ထားပြီး အဂတိတရားလေးပါး၊ တံစိုးသုံးပါး ရှောင်ကြဉ်ကြရန်၊
- ရဲအရာရှိများ အမှုစုံစမ်းထောက်လှမ်းရာတွင် အခင်းဖြစ်အရပ်ကို ကိုယ်တိုင်သွားရောက်ကြည့်ရှုခြင်း၊ သဲလွန်စ အထောက်အထားများ၊ သက်သေခံပစ္စည်းများ စနစ်တကျသိမ်းဆည်းခြင်း၊ သက်သေများ စုံလင်စွာ စစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူ အစစ်အမှန်ကို ဖော်ထုတ်ခြင်းနှင့် ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ရရှိရေးအတွက် ရဲလုပ်ငန်းများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ပြည့်ပြည့်စုံစုံဖြစ်အောင် ဆောင်ရွက်ရန်၊
- ရဲတပ်ဖွဲ့ဝင်များသည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆက်ဆံဆောင်ရွက်ပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်နေစေရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ရန်၊
- ပြစ်မှုကျူးလွန်သူ၏ စိတ်ပိုင်းဆိုင်ရာကို သိရှိနားလည်ပြီး အကောင်းဘက်ကို ဦးတည်စေနိုင်သော အပြုအမူဖြင့် ဆက်ဆံကြရန်၊
- အရေးကြုံလာလျှင် နိုင်ငံတော် ကာကွယ်ရေးအရန်တာဝန်ကို ပြည့်ဝစွာ ထမ်းဆောင်နိုင်ရန်၊
- ပြည်သူနှင့်တစ်သားတည်း တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် နေထိုင်ကျင့်ကြံရန်၊
- လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်နှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းအောင်မြင်မှုရှိအောင် ဆောင်ရွက်ရန်နှင့်
- အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝသော ရဲတပ်ဖွဲ့ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန်

စသည့် အဓိကဆုံးဖြတ်ချက်များ ချမှတ်ထားသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ယင်းဆုံးဖြတ်ချက်များကို ရာနှုန်းပြည့်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ပေးနေသည့် အချိန်ကောင်း၊ အခါကောင်း၌ အမှန်တကယ် အနှစ်သာရရှိပြီး အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝသော ရဲတပ်ဖွဲ့ကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဆက်လက်အကြံပြု

ကော်မတီဝင်များအနေဖြင့်လည်း ရဲတပ်ဖွဲ့ကြီး၏ စီမံခန့်ခွဲမှုစနစ်များနှင့်ပတ်သက်ပြီး မည်ကဲ့သို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သင့်သည်ဆိုသည်ကို ဆက်လက်အကြံပြုကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အမြော်အမြင်ကြီးမားစွာဖြင့် လုပ်ငန်းလမ်းညွှန်ချက်များ၊ မူဝါဒများ ချမှတ်ပေးထားသည့်အတိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို နိုင်ငံအကျိုး၊ တပ်ဖွဲ့အကျိုးအတွက် အောင်မြင်သည်ထက် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ၊ ရဲတပ်ဖွဲ့ဝင်များကလည်း စည်းကမ်းပြည့်ဝသော၊ စိတ်ဓာတ်ကောင်းမွန်သော၊ ကျစ်လျစ်ခိုင်မာသော၊ သတ္တိရှိသော၊ လုပ်ငန်းစွမ်းရည်ပြည့်ဝသော အဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို သိမြင်ပြီး အုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာလည်ပတ်နိုင်အောင် တက်တက်ကြွကြွ ကြိုးကြိုးစားစား ဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုကော်မတီ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများထဲမှ အဓိကကျသော အချက်များကို အကျဉ်းချုံးပြီး တင်ပြသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ၁၀နှစ်တာကာလကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ယင်း ၁၀နှစ်တာ ကာလအတွင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ ဆပ်ကော်မတီခြောက်ရပ်၏ အကြံကောင်းဉာဏ်ကောင်းများ၊ ပူးပေါင်းဆောင်ရွက်မှုများကို ရယူဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ချမှတ်ပေးထားသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ဓာတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဆိုသည့် အရည်အချင်းသုံးရပ်ပြည့်ဝရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မိမိတို့တပ်ဖွဲ့ကို အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ အရည်အချင်းပြည့်ဝပြီး ပြည်သူချစ်သော ရဲတပ်ဖွဲ့ဝင်ဖြစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများစွာ ရရှိနေပြီဖြစ်ကြောင်း။

မှုခင်းကျဆင်းရေး

ဆက်လက်ပြီး မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး တင်ပြလိုကြောင်း၊ မှုခင်းကျဆင်းရေးအတွက်လည်း ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျသဖြင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်လာစေရန် မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်မြေလူထုများ ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်နှင့် အကောင်အထည်ဖော်ရာတွင် နယ်မြေရဲကင်းများ တိုးချဲ့ဖွင့်လှစ်ပြီး ရဲလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် မှုခင်းများ ဖြစ်ပွားမှု လျော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းတာဝန်တိုင်းကို အမြင်(၅)မြင်ဖြင့် ရဲလုပ်ငန်းသာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးကိစ္စများမှာပါ ပါဝင်ဆောင်ရွက်လျက်ရှိပြီး လမ်းညွှန်ချက်များနှင့်အညီ လယ်ယာလုပ်ငန်းလုံခြုံရေး၊ စက်မှုလုပ်ငန်းများ လုံခြုံရေးနှင့် ကုန်စည်ပို့ဆောင်မှု လုံခြုံရေးလုပ်ငန်းတာဝန်များကိုလည်း ဘက်ပေါင်းစုံမှ ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် အရှိန်အဟုန်မြင့်တက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီသော၊ မျိုးချစ်စိတ်ဓာတ်ရှိသော၊ သစ္စာရှိသော တပ်ဖွဲ့ဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ (၁၃)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထောက်လှမ်းရေးဆိုင်ရာ ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးဆိုင်ရာ ဆပ်ကော်မတီ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ဆပ်ကော်မတီ၊ တရားရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဥပဒေရေးဆိုင်ရာ ဆပ်ကော်မတီနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့ဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၀-၁-၂၀၀၄)ရက်မှ (၂၃-၁-၂၀၀၄)ရက်ထိ
MICT Park၊ ရန်ကုန်မြို့

မူးယစ်တရားခံပြေး လွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၄ရက် ည ၁၁နာရီခွဲတွင် လောက်ကိုင်မြို့ ဓာမဏီမြို့ ကျင်းပိုင်ဟိုတယ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရုတ်နိုင်ငံသား မူးယစ်တရားခံပြေး ကျော်ကွမ်းမြင်(ခ) ကျော်ကောင်းမြင်အား ဘိန်းဖြူ ၁၇၇ရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ တရုတ်နိုင်ငံသား မူးယစ်တရားခံပြေး ကျော်ကွမ်းမြင်(ခ)ကျော်ကောင်းမြင်အား ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ရက် ညနေ ၃နာရီတွင် လောက်ကိုင်မြို့ ရန်လုံကျိုင်းတိုက်နယ်ရှိ ကျင်းသူဟိုတယ်၌ကျင်းပရာ လောက်ကိုင် တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအေးလွင် ဦးစီးသော အဖွဲ့ဝင်များနှင့် တရုတ်နိုင်ငံ ကျိန်းခမ်းခရိုင် ရဲဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ဒုတိယဌာနမှူး ဒုတိယရဲမှူးကြီးပယ်ကွမ်းရှီ ဦးစီးသောအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့က တရားခံ လွှဲပြောင်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားကြသည်။ ယင်းနောက် လောက်ကိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်မြင့်က တရုတ်နိုင်ငံ ကျိန်းခမ်းခရိုင် ရဲဌာန ဒုတိယဌာနမှူး ဒုတိယရဲမှူးကြီးပယ်ကွမ်းရှီသို့ တရားခံ လွှဲပြောင်းပေးအပ်သည့် စာရွက်စာတမ်းများတွင် လက်မှတ်ရေးထိုး လွှဲပြောင်းပေးအပ်ပြီး ညနေ ၃နာရီခွဲတွင် နှစ်နိုင်ငံနယ်စပ် ရန်လုံကျိုင်းတံတားပေါ်၌ တရုတ်နိုင်ငံသား (ဘ)ဦးကျောက်ပေါင်းချန်၏သား အသက်(၄၇)နှစ်ရှိ တရားခံ ကျော်ကွမ်းမြင (ခ)ကျော်ကောင်းမြင်အား မြန်မာကိုယ်စား လှယ်အဖွဲ့က တရုတ်ကိုယ်စားလှယ်အဖွဲ့သို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

လွှဲပြောင်းပေးအပ်

တရုတ်နိုင်ငံသား မူးယစ်တရားခံပြေး ကျော်ကွမ်းမြင်(ခ) ကျော်ကောင်းမြင် အား ပြန်လည် လွှဲပြောင်း ပေး အပ်စဉ်။ (သတင်းစဉ်)

ပြည်သူများ သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးများကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၃

ဝိဇ္ဇာဓရနည်းဖြင့် ဖော်စပ်ထားပြီး ကိုယ်ခံအား တိုးစေရန်အတွက် လည်းကောင်း၊ ရောဂါကာကွယ် စေရန်အတွက် လည်းကောင်း၊ ခွန်အား တိုးစေရန်အတွက်လည်းကောင်း ကုသရာ၌ သုံးစွဲလျက်ရှိသော တိုင်းရင်းဆေးများတွင် ပါဝင်ဖော်စပ်ထားသည့် ဓာတ်သတ္တုမှာ (Heavy Metals) **ပမာဏများမှာ ပါဝင်သင့်သည့် ခွင့်ပြုပမာဏထက် များစွာ ပါဝင်နေသည်ကို ကျန်းမာရေး ဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိသည့်အတွက် ပြည်သူလူထုသုံးစွဲရန် အန္တရာယ်ရှိသော ဆေးဝါးများ ဖြစ်ကြောင်းနှင့် ပြည်သူအများ သုံးစွဲရန် မသင့်ကြောင်း သိရှိရသည်။**

ယင်းဆေးများမှာ ရသာယန ဆေးမှုန့်၊ သံပြာဆေးမှုန့်၊ ကျောက်ဆေးဒါန်းဆေးမှုန့်၊ ဘေသဇ္ဇ ရွှေပြာမှုန့်၊ ရသာယန စိန်ရတနာ ဆေးပြားနှင့် ရွှေပျားရည်တို့ဖြစ်ပြီး ၎င်းဆေးများသည် ခွင့်ပြုထား သော ဓာတ်သတ္တုမှာများ (Heavy Metals) **သတ်မှတ် ပမာဏထက် ပိုမိုပါဝင်နေသည့် ခဲ၊ စိန်နှင့် ပြဒါးတို့ဖြစ်သည်။** (သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေး(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ စန်းမောင်က ရရှိသွားသည်။ (သတင်းစဉ်)

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကြော့ တင်းနစ်ပြိုင်ပွဲ မြန်မာတင်းနစ်အားကစားသမားများ အကြိုဗိုလ်လုပွဲအဆင့် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၃

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF) နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM) တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကြော့ တင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.) နှင့် အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း (Aung Mingalar Co.,Ltd.) နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးများမှ သံတမန်များ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ဥက္ကဋ္ဌဟောင်းများနှင့် အတွင်းရေးမှူးဟောင်းများ၊ လက်ရွေးစင်ဟောင်းများ၊ တင်းနစ်ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဖြိုးမင်းသာ၏ ကစားဟန်။
(ကြေးမုံ)

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသား တစ်ဦးချင်းပွဲစဉ်များနှင့် နှစ်ယောက်တွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းမှ တင်းနစ်အားကစားသမားများ အကြိုဗိုလ်လုပွဲအဆင့်သို့ အသီးသီး တက်ရောက်သွားကြသည်။

အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက ပါကစ္စတန်မှ Babar ကို ၆–၂ ၊ ၇–၅ ဖြင့်လည်းကောင်း၊ မြန်မာအသင်းမှဇင်ဘိုက မလေးရှားမှ Kwang ကို ၆–၄ ဖြင့် တစ်ပွဲအနိုင်ရရှိပြီး ဒုတိယပွဲငယ်တွင် Kwang မှာ ဒဏ်ရာရရှိကာ ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် (W / O) ဖြင့်လည်းကောင်း အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အခြား ကွာတားဖိုင်နယ်ပွဲစဉ်တွင် မလေးရှားမှ Shanmugam က မြန်မာအသင်းမှ အိုက်ကျော်ကို ၆–၃၊၇–၅ ဖြင့်လည်းကောင်း၊ သီရိလင်္ကာမှ Dinesh Kanthan က မြန်မာအသင်းမှ ဝင်းထက်ပိုင်ကို ၆–၄ ၊ ၃–၆ ၊ ၆–၄ ဖြင့် လည်းကောင်း အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီး တစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် သီရိလင်္ကာမှ Arudpagasam က မြန်မာအသင်းမှ မိုးချစ်သဲကို ၆–၂ ၊ ၆–၃ ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသားနှစ်ယောက်တွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက မလေးရှားနှင့် သီရိလင်္ကာတို့အတွဲကို ၆–၃ ၊ ၆–၁ ဖြင့် လည်းကောင်း၊ မြန်မာအသင်းမှ ဇင်ဘိုနှင့် အောင်ကျော်နိုင်တို့အတွဲက သီရိလင်္ကာမှအတွဲ ဒဏ်ရာရရှိပြီး ဆက်လက်မယှဉ်ပြိုင်နိုင် တော့သဖြင့် (W / O)ဖြင့် လည်းကောင်း အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၁၄ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ယနေ့ကျင်းပသော ပထမအကြော့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များမှာ သူတစ်ပြန် ကိုယ်တစ်ပြန်ဖြင့် အကြိတ်အနယ်ရှိသော ပွဲစဉ်များဖြစ်၍ မြန်မာတင်းနစ် ပရိသတ်များ အကြိုက်တွေ့လျက်ရှိကြရာ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းတွင် ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

(သတင်းစဉ်)

❐ **ပြည်သူများမှ**

ယင်းပြပွဲကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်များတွင် မြန်မာ့ဆန်ပြန်လည် နေရာရရှိလာစေရန်နှင့် ဈေးကွက်ကို ထိန်းထားနိုင်ရန်၊ အရည်အသွေး မြင့်မားသည့် မြန်မာ့ဆန်များ ထုတ်လုပ်နိုင်စေရန်၊ မြန်မာနိုင်ငံ၏ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်စေရန်ဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် ပြသခဲ့ရာ ဆန်စက်လုပ်ငန်းရှင်များနှင့် ပြည်သူအများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။ ထို့ကြောင့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ – ၂၀၀၄ ကို ဇန်နဝါရီ ၁၄ရက်ထိ သုံးရက် ထပ်မံတိုးမြှင့် ကျင်းပခဲ့သည်။

ယခုပြပွဲတွင် လာရောက်ခင်းကျင်းပြသကြသည့် လုပ်ငန်းရှင်များကို အကောင်းဆုံးအထွေထွေ ပစ္စည်းပြခန်းဆု၊ အကောင်းဆုံး ဆန်စက်အပိုပစ္စည်းပြခန်းဆုနှင့် အကောင်းဆုံးဆန်စက်ပြခန်းဆု ဟူ၍ ဆုသုံးမျိုးကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုအဖြစ် အသီးသီး ချီးမြှင့်ခဲ့သည်။ ယင်းသို့ချီးမြှင့်ရာတွင် အကောင်းဆုံး အထွေထွေပစ္စည်းပြခန်း ပထမဆုကို မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ပြခန်းက ရရှိခဲ့ပြီး အကောင်းဆုံး ဆန်စက်ပစ္စည်းပြခန်း ပထမဆုနှင့် အကောင်းဆုံး ဆန်စက်ပြခန်းဆုကိုမူ သောင်းဝင်းစက်မှုလက်မှုက ရရှိသွားခဲ့သည်။

ထို့ပြင် တတိယထပ်တွင် ပြသထားသည့် ဝန်ကြီးဌာနများ၏ အမြဲတမ်း မြန်မာ့ပို့ကုန်ပြခန်းများကိုလည်း စိတ်ဝင်စားဖွယ်တွေ့ရသည်။ အမှတ်(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သမဝါယမဝန်ကြီးဌာန ပြခန်းတို့တွင် အမြဲတမ်း မြန်မာ့ပို့ကုန်များကို ပြသထားသည်ကို တွေ့မြင်ရသည်။ထိုပြခန်းသို့ နိုင်ငံခြားသားများ အများဆုံး လာရောက်ကြည့်ရှုတတ်ပြီး ပြခန်းတွင် ပြသထားသည့်ပစ္စည်းများကို လိုအပ်ပါက ပြခန်းတာဝန်ခံက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဆက်သွယ်ပေးမည်ဖြစ်သည်။

ယခု ပြပွဲပြသခြင်း၏ အကျိုးရလဒ်မှာ ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပြီး ထိုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ခြောက်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ထိုလုပ်ငန်းကော်မတီ ခြောက်ရပ်မှာ ရော်ဘာကြိတ်လုံး စပါးအခွံချွတ်စက်နှင့် ဆန်ဖြူကျောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ဆန်ဖြူချွတ်နှင့် အရောင်ချွေးတိုက်ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ၊ စပါး လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ရေး လုပ်ငန်းကော်မတီ၊ ဆန်စပါးလုပ်ငန်းဆိုင်ရာ ပညာပေးရေးနှင့် သတင်းဖြန့်ချိရေး လုပ်ငန်းကော်မတီ၊ စွမ်းအားပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဘိလပ်ဆန်ခါ၊ ဆန်ခါလုံးတိထွင် ထုတ်လုပ်ရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ပေသည်။

ထိုလုပ်ငန်း ကော်မတီများတွင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဌာနတို့မှ အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ ပရိုဂျက် ဒါရိုက်တာများ၊ အင်ဂျင်နီယာချုပ်နှင့် တိုင်းအင်ဂျင်နီယာတို့က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သွားကြမည်ဖြစ်သည်။

အဖွဲ့အစည်း အသီးသီးတို့သည် ဆန်စက်များ အဆင့်အတန်းမီရေးအတွက် ဆန်စက်နှင့် ဆန်စက်ဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ရာတွင် အဆင့်အတန်းမြင့်မြင့်နှင့် ခေတ်မီသောပစ္စည်းများထုတ်လုပ်နိုင်ရေးများကို ဆွေးနွေးအကြံပေးခြင်း၊ ကူညီဆောင်ရွက်ခြင်းများကို ပြုလုပ်သွားကြမည်ဖြစ်သည်။

ထို့ကြောင့် မကြာမြင့်မီသောအချိန်အတွင်း နိုင်ငံတကာအဆင့်မီ ဆန်စက်နှင့် ဆန်စက်နှင့်ဆက်စပ် ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်သွားနိုင်မည် ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

(ကြေးမုံ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ ယှဉ်ပြိုင်ရာတွင် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက နိုင်ငံတော်အတွက် အသင့်ရှိနေသည်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ အမြင်သစ်နဲ့ရွှေခေတ်ဆီသို့ စစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ပြည်သူချစ်တဲ့ ရပခစစ်သည်၊ ပြည်သူ့တပ်မတော်၊ ဖန်နေဝန်း စစ်ချီတေးများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်ချီ မပခစစ်သည်၊ တူယှဉ်ကာတိုက်စို့၊ ကျန်ရှိသေးသော တာဝန် တစ်ရပ်စစ်ချီတေးများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က သားကောင်းစစ်သည်၊ တူယှဉ်ကာတိုက်စို့၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက (၇၇)တပ်မ စစ်သည်တော်၊ထာဝစဉ်နှုပျိုနေတဲ့ ဒို့တပ်မတော်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ရွှေနိုင်ငံရွှေကြယ်ဝင့်လို့ချီ၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ တူယှဉ်ကာ တိုက်စို့ စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များ ဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆုငွေများချီးမြှင့်

ဆက်လက်၍ (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အလှပြ တီးမှုတ်ဖျော်ဖြေကြသည့် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့များ ကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့်(၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်း ပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေး အကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ထုတ်လုပ်တပ်ဆင်သည့် ၁၀ တန်ကျဆန်စက်ကို ပြည်သူများလေ့လာကြည့်ရှုနိုင်ရန် လက်တွေ့ကြိတ်ခွဲပြသစဉ်။ ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

မိတ္ထီလာအမှတ်(၃)အထက်တန်းကျောင်း နှစ်(၅၀)ရွှေရတုသဘင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မိတ္ထီလာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယခင် တပ်မတော်ကျောင်း)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ယင်းကျောင်းခန်းမတွင်ကျင်းပသည်။

ရှေးဦးစွာ အထက(၃) နှစ်(၅၀)ပြည့် ရွှေရတုသဘင်ဆိုင်းဘုတ်ကို ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိ ဗိုလ်မှူးလှိုင်မြင့်နှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ရွှေရတုသဘင်ဖွင့်ပွဲတွင် ကျောင်းသူ၊ ကျောင်းသားများက ကဗျာလွတ်အက၊ ပန်းဖွားအကနှင့် ဘင်ခရာတပ်ဖွဲ့တို့က တီးမှုတ်ဖျော်ဖြေကြပြီး ထီလာမောင်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အဆိုတော် ဒေါ်စန္ဒာသန်းက ရွှေရတုသဘင် ဂုဏ်ပြုပိုဒ်စုံရတု တေးထပ်ဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် တပ်မတော်ကလေးများက မူလတန်းကျောင်း ပထမဆုံး ကျောင်းအုပ်ကြီး ဗိုလ်မှူးသန်းရွှေ(ငြိမ်း)က ကျောင်းသမိုင်းကို ရှင်းလင်းပြောကြားသည်။ ကျောင်းသူ၊ ကျောင်းသားဟောင်းများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံသည်။ မိတ္ထီလာမြို့ တပ်မတော်ကျောင်းကို ၁၉၅၃ခုနှစ်က စတင်တည်ထောင်ပြီး ၂၀၀၃ခုနှစ်တွင် နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

(က–ပ)

ကြံမြှုပ်ချေးကို အခြေခံပြီး သဘာဝမြေသြဇာထုတ်လုပ်

သတင်းဆောင်းပါး-ကျော်စိန်
ဓာတ်ပုံ-အောင်မိုး

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံသို့ ချီတက်လျက်ရှိသည့် အလျောက် စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်အထွက်တိုးရရှိရေးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အသုံးပြုစိုက်ပျိုးနိုင်

လယ်ယာ ထွက်ကုန် တိုးတက်ထွက်ရှိရေးတွင် ဓာတ်မြေသြဇာ သုံးစွဲခြင်းသည် အဓိကအချက်တစ်ချက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၊ သဘာဝ စိုက်ပျိုးရေးနည်းများဖြင့်စိုက်ပျိုးရန် အခြေအနေကောင်းများ ရှိနေခြင်းကြောင့် ဇီဝမြေသြဇာနှင့် သဘာဝမြေသြဇာများကို အသုံးပြုစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး အတတ်ပညာရှင်များက သုတေသနပြု ရှာဖွေခဲ့ကြသည်။

ယင်းသို့သုတေသနပြုလုပ်ရှာဖွေခဲ့ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သကြားစက်ရုံများ၏ ဘေးထွက်ပစ္စည်းများဖြစ်ကာ ကြံမြှုပ်ချေးများအား သဘာဝမြေသြဇာအဖြစ် တီထွင်အသုံးပြုသွားရန် ၁၉၉၈ ခုနှစ်မှစ၍ ကြံမြှုပ်ချေး များကို သဘာဝ မြေသြဇာအဖြစ်သုံးစွဲရန် သုတေသနပြုလုပ် စမ်းသပ်ခဲ့သည့် ကြံမြှုပ်ချေး သဘာဝဓာတ်မြေသြဇာလည်း ပါဝင်သည်။ သုတေသနတွေ့ရှိချက်

အချိုးကျရောစပ်

ကြံမြှုပ်ချေးနှင့် ရောစပ်ရမည့် ဓာတုဆေးများကို အချိုးကျရောစပ်နိုင်ရန် ချိန်တွယ်ကြစဉ်။

(ဓာတ်ပုံ-အောင်မိုး)

အပေါ် အခြေခံပြီး (BioCompozer) မြေသြဇာကို စမ်းသပ်ထုတ်လုပ်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဒုတိယဝန်ကြီး(လယ်ယာ) ဦးဆောင်သော ဗဟိုအဖွဲ့နှင့် လုပ်ငန်းအကောင် အထည်ဖော်ရေးအဖွဲ့များဖွဲ့စည်းပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေအသုံးချရေးဌာနခွဲမှ ဆောင်ရွက်ခဲ့သည်။

ကြံမြှုပ်ချေးအခြေခံသဘာဝမြေသြဇာ (Bio Compozer) ထုတ်သောကြံမြှုပ်ချေးဆိုသည်မှာ ကြံမှသကြားချက်ရာတွင် သကြားအဖြူများထွက်ပြီး နောက်ဆုံးကျန်သည့် ဘေးထွက်ပစ္စည်းဖြစ်သည့် ကြံမြှုပ်ချေးများကို မြန်မာ့ကြံလုပ်ငန်း သကြားစက်ရုံများမှ မြန်မာကြံလုပ်ငန်းပညာရှင်အဖွဲ့၏နည်းပညာ ပံ့ပိုးမှုဖြင့် မြေသြဇာ အရည်အသွေးတစ်ပြေးညီ ဖြစ်အောင် ထုတ်လုပ်ခဲ့သည်။

ကြံမြှုပ်ချေး အခြေခံသဘာဝမြေသြဇာတွင် နိုက်ထရိုဂျင်၊ ဖော့စဖိတ်၊ ပိုတက်၊ ထုံးဓာတ်၊ ဆာလ်ဖာ၊ သစ်ဆွေး

သဘာဝမြေသြဇာ

ကြံမြှုပ်ချေး အခြေခံသဘာဝမြေသြဇာ ထုတ်လုပ် ပြီးနောက် ၅၀ ပေါင်ဝင် မြေသြဇာအိတ်များအဖြစ် အိတ်ပိတ် ချုပ်ကြစဉ်။

(ဓာတ်ပုံ-အောင်မိုး)

ဓာတ်များပါဝင်ပြီး အာဟာရဓာတ်အချို့ ရရှိစေရန် ကြံမြှုပ်ချေး၊ ယူရီးယား၊ တီစူပါ၊ ပိုတက်နှင့် ဂျစ်ပဆန်ကျောက်မှုန့်များ အချိုးကျရောစပ်ကာ ၅၀ပေါင်အလေးချိန်ရှိသည့် အိတ်များဖြင့် ထည့်၍ ဖြန့်ဖြူးသည်။

သကြားစက်ရုံမှ ထွက်လာသောကြံမြှုပ်ချေးများတွင် အစိုဓာတ် ၆၃ ရာခိုင်နှုန်းကျော် ပါဝင်သည်။ ကြံမြှုပ်ချေးကို ဆွေးမြေ့စေရန် ဆောင်ရွက်ရာတွင် အစိုဓာတ်ပါဝင်မှုများနေပါက အဏုဇီဝပိုးမွှားများ၏ ရှင်သန်မှုကိုထိခိုက်စေသည့်အတွက်

ထုတ်လုပ်နိုင်

ကြံမြှုပ်ချေး အခြေခံ သဘာဝမြေသြဇာများ ထုတ်လုပ်နိုင်ရန် လျှပ်စစ်မော်တာစက်များဖြင့် ဆောင်ရွက်ကြစဉ်။

(ဓာတ်ပုံ-အောင်မိုး)

သဘာဝမြေသြဇာစက်ရုံ

ဒုရင်ဗိုလ်သကြားစက်ရုံအတွင်းရှိ ကြံမြှုပ်ချေး အခြေခံသဘာဝမြေသြဇာစက်ရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အောင်မိုး)

ဆွေးမြေ့မှုကိုနှောင့်နှေးစေနိုင်သည်။ ထို့ကြောင့် အစိုဓာတ်ရာခိုင်နှုန်း ၃၅၊ ၄၀ ခန့်အထိ လျော့သွားစေရန် ကြံမြှုပ်ချေးများကို ကွင်းပြင်တွင် သုံးရက်ခန့် ဖြန့်၍ထားကြရသည်။

ကြံမြှုပ်ချေး အခြေခံသဘာဝ မြေသြဇာကို သကြားစက်များတွင် ကြံမြှုပ်ချေးကို အခြေခံ၍ ထုတ်လုပ်လျက်ရှိကြပြီး ကြံစိုက်ပျိုးရာတွင် သဘာဝမြေသြဇာအဖြစ် ကြံစိုက်တောင်သူများ ကြိုက်နှစ်သက်စွာ သုံးကြကြောင်းသိရသည်။ ကြံမြှုပ်ချေး အခြေခံသဘာဝမြေသြဇာကို ကြံစိုက်ပျိုးသူ တောင်သူများသာမက အခြားသီးနှံစိုက်ပျိုးသူများပါ နှစ်ခြိုက်သဘောကျ၍ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

ကြေးမုံသတင်းအဖွဲ့သည် ဒုရင်ဗိုလ်သကြားစက်ရုံသို့ ရောက်ရှိပြီး သကြားစက်လုပ်ငန်း လည်ပတ်ပုံတို့ကို လေ့လာကြည့်ရှုပြီးနောက ကြံမြှုပ်ချေး အခြေခံသဘာဝမြေသြဇာထုတ်လုပ်နေသည်ကို လေ့လာသိရှိခဲ့ရသည်။ ကြံမြှုပ်ချေး အခြေခံသဘာဝမြေသြဇာထုတ်လုပ်သည့် စက်များသည် လျှပ်စစ်မော်တာသုံးစက်များဖြစ်၍ ဆွေးမြေ့ပြီး ကြံမြှုပ်ချေးအခဲများအား လွယ်ကူစွာ ဆန်ခါချနိုင်ရန်အတွက် ရိုက်မွစက်၊ ဆန်ခါချစက်၊ ရောမွှေစက်၊ တီစူပါနှင့် ကွန်ပေါင်းမြေသြဇာ အမှုန့်ကြိတ်စက်၊ အိတ်ချုပ်စက်ဟူ၍ ပါဝင်ပြီး တစ်နေ့လျှင် ၅၀ ပေါင်ဝင် အိတ်တစ်ထောင် ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ။

(ကြေးမုံ)

ဆရာကြီးဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)ကွယ်လွန်

(၁၉၁၆-၂၀၀၄)

အဖဦးစံ၊ အမိဒေါ်ခင်တိုးတို့မှ ၁၂၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်၊ ၁၇-၇-၁၉၁၆ခုနှစ်တွင် မွေးဖွား၍ အမည်ရင်းမှာ ဦးတင်မောင်ဖြစ်သည်။ အဘိုးမှာ သီပေါဘုရင်၏ စာတော် ဖတ်မင်း ဦးမောင်မောင်ကြွယ်နှင့် အဘွားမှာ သုသီရိဂန္ဓာ ဘွဲ့ခံ ယင်းမာချောင်းခင်လေးဖြစ်သည်။

၁၉၃၅ခုနှစ်တွင် မန္တလေး ဥပစာကောလိပ်၌ သင်ကြားပြီး ၁၉၃၉ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။

မန္တလေး ဥပစာကောလိပ် ကျောင်းသားသမဂ္ဂ နှစ်ပတ်လည်မဂ္ဂဇင်း၌ "မောင်ထင်ကြီး"ဟူသော ကလောင်အမည်ဖြင့် "ကုသနှင့်ကျွန်တော်" ဟာသဆောင်းပါးကိုရေးပြီး ပထမဆုံး ပုံနှိပ်စာလုံးဖြင့် ဖော်ပြခြင်းခံရသည်။

မန္တလေးဥပစာကောလိပ်၌ရှိစဉ် မန္တလေး သူရိယသတင်းစာနှင့် New Burma အင်္ဂလိပ်သတင်းစာတို့၏ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ အစိုးရပညာတော်သင်အဖြစ် သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်ပြည်ထောင်စု မင်နီဆိုတာ တက္ကသိုလ်မှရရှိခဲ့သည်။ အိုးဝေနေ့စဉ်သတင်းစာ အယ်ဒီတာချုပ်၊ ပြင်သစ်သတင်းဖြန့်ချိရေး အုပ်ချုပ်ရေးမှူး၊ စာပေဗိမာန်မဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၅၆ခုနှစ်မှ ၁၉၅၉ခုနှစ်အထိ ပြင်သစ်နိုင်ငံ ယူနက်စကိုဌာနချုပ်၌ စီစဉ်ရေးကျွမ်းကျင်ပုဂ္ဂိုလ် (Programme Specialist) အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ခုနှစ်၌ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေဗိမာန်အဖွဲ့ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရာမှ ၁၉၇၆ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

၁၉၇၆-၁၉၈၀ပြည့်နှစ်အထိ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ စည်းရုံးရေးကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်အတွက် သုတပဒေသာ(ဝိဇ္ဇာ) အမျိုးသားစာပေဆုကို "မြန်မာနိုင်ငံသတင်းစာများအညွှန်း" (ပထမတွဲနှင့် ဒုတိယတွဲ)ဖြင့် ဆွတ်ခူးခဲ့သည်။ ၁၉၉၆ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆု ချီးမြှင့်ခြင်းခံရသည်။ ၂၀၀၁ခုနှစ် အောက်တိုဘာလတွင် အရှေ့တောင်အာရှ စာပေဆု (S.E.A Write Award)ကို ချီးမြှင့်ခြင်းခံရသည်။ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။

၁၉၈၅ခုနှစ်မှစတင်ပြီး ပညာရေးဝန်ကြီးဌာန မြန်မာစာအချိန်ပြည့်အဖွဲ့ဝင်ဖြစ်ပြီး ၁၉၉၁ခုနှစ်၌ မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်း အဖွဲ့ဝင်အဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဆရာကြီး ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)သည် ၁၁-၁-၂၀၀၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သည်။

နေရပ်လိပ်စာမှာ အမှတ် (၈)ဇီဇဝါဥယျာဉ် သံသုမာလမ်း တောင်ဥက္ကလာပမြို့နယ်ဖြစ်ပြီး ဇနီး ဒေါ်ခင်ခင်နွဲ့ ကျန်ရစ်သည်။

တိုးဝါအိမ်အလှဆင်ခြင်းမှ ကျောက်ပြားများရောင်းချ

ရန်ကုန် ဇန်နဝါရီ ၁၃

တိုးဝါအလူမီနီယံနှင့် အိမ်အလှဆင်လုပ်ငန်းမှ ကမ္ဘာလုံးတံဆိပ် မီး၊ ရေဒဏ်တာရှည်ခံ ဆောက်လုပ်ရေးဘုတ်ပြားများကို သုံးစွဲသူများအတွက် အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ကမ္ဘာလုံးတံဆိပ် မီးခံပြားသည် မီးအပူရှိန် ၈၀၀ ဒီဂရီ စင်တီဂရိတ်ထိခံနိုင်ပြီး ရေစိမ်ခံနိုင်သည့်အပြင် အချိန်ကြာမြင့်စွာသုံးနိုင်သည်။လွှတိုက်၊ ရွှေပေါ်ထိုး၊ တူ (သို့မဟုတ်)ဂမ်းဖြင့် သံရိုက်၊ ကော်ကပ်၊ ကြွေပြားကပ်ခြင်းများပြုလုပ်နိုင်ပြီး အသံလုံသည်။ ဒီဇိုင်းအစုံမှာယူနိုင်သည်။ မှန်၊ အလျူမီနီယံ၊ မျက်နှာကြက်၊ ကောနစ်၊ စတိန်းလက်စတီး၊ သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ Wall Paper၊ ပါကေးခင်းခြင်း၊ ဆေးသုတ် ခြင်းများကိုလည်း တိုးဝါအိမ်အလှဆင်လုပ်ငန်းမှ ဆောင်ရွက်ပေးလျက်ရှိသည်။ အသေးစိတ် သိလိုပါက အမှတ် ၂၀၉၊ ရွှေဂုံတိုင်လမ်း၊ မီးပွိုင့် အနီး၊ ဗဟန်းမြို့နယ် ဖုန်း- ၀၉၈၀-၂၄၄၆၁၊ ၀၉၅၀၀-၂၇၈၃၊ ၇၀၄၁၆၁၊ ၀၉၅၀-၁၂၉၃၆နှင့် ၅၅၈၁၇၇ နှင့် E.mail Utnl @ mpt. Mail. net. mm တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်းကွန်းတောင်ရိုး ရေ၊မီး၊ဆွမ်း၊ဆေး၊ ဆရာတော်အရှင်ဓမ္မသာရတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၃

မင်းကွန်းတောင်ရိုး ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်အဖြစ် ဆရာတော်အရှင်ဓမ္မသာရ၏ တရားပွဲစဉ်များကို ဇန်နဝါရီ ၁၄ ရက်၌ ပုသိမ်မြို့ ဆပဒသိမ်တော်ကြီး၊ ဇန်နဝါရီ ၁၅ရက်တွင် ပုသိမ်မြို့ သာသနာ့ဗိမာန်ကြီး၊ ဇန်နဝါရီ ၁၆ရက်နှင့် ၁၇ရက်တွင် ဓနုဖြူမြို့ ရွှေဂူကျောင်းတိုက်၊ ဇန်နဝါရီ ၁၈ရက်နှင့် ၁၉ရက်တွင် ခရမ်းမြို့နှင့် ဇန်နဝါရီ ၂၀ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓမ္မဇျုဟာဓမ္မာရုံကြီးတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၀၄ခုနှစ် နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းသည့် သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်အား မြောင်းမြမြို့ ကျောင်းအမကြီး **ဒေါ်သိန်းကျင်** ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ပရိယတ္တိစွမ်းအားမိသားစု
မြောင်းမြမြို့။

(၁၀)နှစ်မြောက်မင်္ဂလာဆုမွန်

ဗိုလ်ကြီးရန်နိုင်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊စီးပွား/ကူးသန်း-MBAII) နှင့် **မခိုင်ဆွေသင်း**တို့၏ ၁၄-၁-၂၀၀၄ရက်တွင် ကျရောက်သော (၁၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်စွာ တူယှဉ်တွဲလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

နှစ်ဖက်သောမိဘများနှင့် ညီအစ်ကိုမောင်နှမများ။

ပြင်ဆင်ဖတ်ရှုပါရန်

(၁၂-၁-၀၄)ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၈)ပါ မြန်မာကိုရီးယားချစ်ကြည်ရေးအသင်း အစည်းအဝေး ဖိတ်ကြားလွှာတွင် တက်ရောက်မည့်သူများ ကြိုတင်စာရင်းပေးရမည့် (၁၈-၂-၀၄) ရက်အစား (၁၈-၁-၀၄)ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Senior Colonel Xu Shulai သည် ၎င်း တာဝန်ခံကျင်းပသော Dean Cup Invitational Golf Tournament ကို ဒဂုံဂေါက်ကွင်းတွင် ကျင်းပကစားစဉ် ယနေ့ညနေ ၃နာရီခွဲတွင် ကျင်းအမှတ်(၁၃)ကို ကိုက် (၁၅၀) အကွာအဝေးမှ Honma Twin Marks No. (6) တုတ်ဖြင့် Titleist ဘောလုံးအား ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ထိုသို့ကစားစဉ် ကစားဖော်များအဖြစ် ထိုင်းစစ်သံမှူး Colonel Kasem Nakpun၊ ရုရှား စစ်သံမှူး Colonel Victor S. Tim-oshkov နှင့် ဒုတိယဗိုလ်မှူးကြီး မျိုးအောင်တို့ ရှိကြသည်။ (သတင်းစဉ်)

ဝမ်းမြောက်ဂုဏ်ပြုခြင်း

၂၀၀၄ ခုနှစ်ဇန်နဝါရီလ (၄) ရက်နေ့တွင် နိုင်ငံတော်က 'သီရိသုဓမ္မသိင်္ဂီ' ဘွဲ့ချီးမြှင့်ခြင်း ခံရသော မိုးဟိန်းကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာမောင်မောင်အေး၏ ဇနီး ဒေါ်ခင်မိမိလှိုင်အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တိုင်းပြည်အကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးဝင်းလွင်ဦး	မန်နေးဂျင်းဒါရိုက်တာ	(နန္ဒာဝန်ဟိုတယ်ကုမ္ပဏီလီမိတက်)
ဒေါက်တာစန်းယု	မန်နေးဂျင်းဒါရိုက်တာ	(United Oversea Group Co., Ltd)
ဦးနေလင်းအောင်	မန်နေးဂျင်းဒါရိုက်တာ	(နီလာရိုးမထဈေးခင်း ကုမ္ပဏီလီမိတက်)
ဦးတင်ဇော်သီ	မန်နေးဂျင်းဒါရိုက်တာ	(မြတ်ပန်းပွင့်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
ဦးဝေယံအောင်	မန်နေးဂျင်းဒါရိုက်တာ	(Inlay Shoes Manufacturing Co., Ltd)
ဦးရှိဝေ	မန်နေးဂျင်းဒါရိုက်တာ	(Cheen Cheen Co., Ltd)
ဦးအောင်နိုင်	မန်နေးဂျင်းဒါရိုက်တာ	(Myanmar Pumin Co., Ltd)
ဦးဝင်းကြည်	မန်နေးဂျင်းဒါရိုက်တာ	(Flower Scence Co., Ltd)
ဦးနိုင်ဝင်း	ဒါရိုက်တာ	(Millennium Dragon Co., Ltd)
ဦးရဲနိုင်	ဒါရိုက်တာ	(Top Shine Co., Ltd)
ဦးထွန်းဝင်း	ဒါရိုက်တာ	(Newest Garment Manufacturing Co., Ltd)

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု သုံးဒေါင့်ကန်ကျေးရွာ စက်ရေတွင်းဖွင့်လှစ်

သာယာဝတီ ဇန်နဝါရီ ၁၀

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက် ကျေးရွာရေရရှိရေး သာယာဝတီမြို့နယ်၊ သုံးဒေါင့်ကန်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးလှမြင့်က စက်ရေတွင်းတူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာဥက္ကဋ္ဌဦးမြင့်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သောက်သုံးရေရရှိရေးအတွက် ငွေကျပ်၃၃၈၅၆၀နှင့် ကျေးလက်ပြည်သူထည့်ဝင်ငွေကျပ် ၂၇၁၄၄၀ စုစုပေါင်းကျပ် ၆၁၀၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ပြီး တစ်နေ့လျှင် သန့်ရှင်းသော သောက်သုံးရေဂါလန် ၈၀၀၀ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ချီးမြှင့်ပေးအပ်

၁၃၆၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲနှင့် ဆုနှင်းပွဲအခမ်းအနားကို တောင်ငူမြို့ ကေတုမတီ မိုးလုံ၊ လေလုံအားကစားရုံ၌ ဒီဇင်ဘာ ၂၇ရက် ည ၇နာရီက ကျင်းပရာ စာစီစာကုံးပြိုင်ပွဲပထမဆုရ မသင်းသင်းအောင်(အထက-၂)အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်ကြွယ်က ဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်စဉ်။ (၂၉၁)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ကျောက်ချောလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ကျုံပျော် ဇန်နဝါရီ ၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ကျုံပျော်မြို့(မြို့ပြ) ဘောလုံးကွင်းပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီက အဆိုပါလမ်း မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

တက်ရောက်

ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ အင်အား ၃၀၀ ကျော် တက်ရောက်ခဲ့သည်။

ပေးအပ်

အခမ်းအနားတွင် ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်က ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအေးက ကျောက်ချောလမ်းသစ် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲ အမှတ်တရအလံများ ပေးအပ်သည်။

အားပေး

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောက်ချော လမ်းသစ်ကို လိုက်လံကြည့်ရှုအားပေးသည်။

ဆောင်ရွက်

၎င်းကျောက်ချောလမ်းသည် အရှည် ပေ ၉၉၀ ရှိပြီး စုစုပေါင်းငွေကျပ် ၁၀၅၉၅၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(က-ပ)

ဖျာပုံမြို့ အလက (၁) ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂ရက်က ပြုလုပ်ရာ ပထမတန်း ကျောင်းသား မောင်မင်းသက်မောင်မောင်နှင့် မယဉ်မျိုးမြတ်ဦး မောင်နှမက ဟာသတစ်ခန်းရပ်ကဏ္ဍတွင် သရုပ်ပြဖျော်ဖြေကြစဉ်။ (၃၈၃)

ပိုးမွှားရောဂါ ကာကွယ်ရေး သင်တန်းပေး

အသုတ် ဇန်နဝါရီ ၃

မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းရုံးချုပ်၏ လမ်းညွှန်မှု၊ ဧရာဝတီတိုင်း ဒု/အထွေထွေမန်နေဂျာ၏ စီစဉ်မှုဖြင့် စပါးနှင့်ပဲမျိုးစုံ ပိုးမွှားရောဂါကာကွယ်ရေး သင်တန်းပေးပွဲကို ဒီဇင်ဘာ ၂၉ရက်က ရေကြည်မြို့နယ် အသုတ်မြို့ တိုင်းချောင်စံပြကျေးရွာ စိုက်ပျိုးရေးစခန်းတွင် ကျင်းပရာ လယ်တစ်ဧကကွက် တစ်စပ်တစ်ပြင်တည်း ဧက ၁၀၀ စိုက် တောင်သူလယ်သမား ၃၀ ဦးတို့အား ဧရာဝတီတိုင်းပိုးမွှား ရောဂါကာကွယ်ရေး တာဝန်ခံ ဒေါ်သန်းမြိုင်နှင့် ရေကြည်မြို့နယ် မန်နေဂျာ ဦးမြင့်သိန်းတို့က သင်ကြားပို့ချကြသည်။ **(၃၈၁)**

လှိုင်သာယာမြို့နယ် အမှတ် (၂၂) အခြေခံပညာ မူလတန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို ကျောင်းခန်းမ၌ ဇန်နဝါရီ ၃ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ နှစ်စဉ်ပထမဆုနှင့် ဘက်စုံ ပထမဆုရကျောင်းသူ မဝေဝေခိုင်အား ကျောင်းအုပ်ဆရာကြီး ဦးအုန်းကြိုင်က ဆုချီးမြှင့်စဉ်။ (က-ပ)

တနင်္သာရီတိုင်း ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်

မြိတ် ဇန်နဝါရီ ၁၀

တနင်္သာရီတိုင်း ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၃ခုနှစ် တက္ကသိုဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၇ နာရီက မြိတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စုဝေးရင်ပြင်တွင် ကျင်းပသည်။

အစီအစဉ်အရ ကျောင်းသူ၊ ကျောင်းသား ၁၀ ဦးတို့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဟုန်းငိုင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ကျောင်းသူ၊ ကျောင်းသားများက စွမ်းရည် ပြကွက်များကို တင်ဆက်ကြသည်။ ဆက်လက်၍ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများနှင့် ဘက်စုံပညာရေးတွင် ထူးချွန်စွာ အောင်မြင်သူများအား ဆုများ အသီးသီးချီးမြှင့်ကြသည်။

(က-ပ)

“ကုမ္ပဏီရုံးခန်း လိပ်စာပြောင်းရွှေ့ခြင်း”

TOMOSADA INTERNATIONAL TRADING COMPANY LIMITED ရုံးခန်းလိပ်စာ မူလနေရာမှ
အမှတ်-၄၃၊ ဘုရင့်နောင်ရိပ်သာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-665038, 01-703646
သို့ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက် နှစ်သစ်ကူးနေ့မှစ၍ ပြောင်းရွှေ့ ဖွင့်လှစ်လိုက်ပါကြောင်း
မိတ်ဟောင်း၊ မိတ်သစ်များအား အသိပေးကြေငြာအပ်ပါသည်။

ဖခင်အမည်မှန်

အထက(၂) ရန်ကင်းမြို့နယ်၊ ပဥ္စမတန်း(B)မှ မခိုင်မိမိထူး၏ ဖခင်အမည်မှန်မှာ [၁၂/ဥကတ(နိုင်) ၁၁၆၄၆၆] ဦးတင်မောင်ထူး ဖြစ်ပါကြောင်း။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ **Marketing (၁၀)ဦး(ကျား/မ)**
အသက် ၃၀ နှစ်အောက်၊ ရုပ်ရည်သန့်ပြန့်၍ လူမှုဆက်ဆံရေးကျွမ်းကျင်ရမည်။ အင်္ဂလိပ်စကားပြောကျွမ်းကျင်သူ ဦးစားပေးမည်။

၂။ **Computer Operator (၂)ဦး(ကျား/မ)**
Microsoft Excel, PageMaker, Corel Draw ကျွမ်းကျင်သူဖြစ်ရမည်။

စိတ်ပါဝင်စားသူများ ကြော်ငြာပါပြီး (၁၀)ရက်အတွင်း အလုပ်လျှောက်လွှာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူ၊ လတ်တလောရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ရွှေမင်းသား၊ကုမ္ပဏီလီမိတက် ၇၉၇၊အခန်း(၁၀၄-ဘီ)၊ဝါးတန်းလမ်း၊(ဗိုလ်ချုပ်လမ်းထောင့်)၊ ဗဟိုစည်ဆေးခန်းရှေ့၊ လမ်းမတော်မြို့နယ်။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ

ချစ်ဖေဖေ **ဦးမြင့်အောင်** B.E(Civil)ဒု-အင်ဂျင်နီယာမှူးကြီး၊ (သန်ခင်း-တာကောလမ်းအပိုင်း)ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့ နှင့် ချစ်မေမေ **ဒေါ်ခင်မမ** B.Sc(Maths)တို့၏ ၁၄-၁-၂၀၀၄နေ့တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သော သားသမီးတို့နှင့် အတူ ဘဝခရီးတစ်လျှောက် ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက်. . .။

ချစ်သား – **ဝင်းမင်းအောင် (Associate Engineer, Infineon Technology, Singapore)**

ချစ်သမီး – **ခင်သန္တာအောင် (Dip; in Manurac-poring Singapore)**

ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ
၁၉၇၄-၁၉၈၀ ခုနှစ် မြို့ပြအင်ဂျင်နီယာဘာသာရပ်

ရန်ကုန်စက်မှုတက္ကသိုလ်၊ မြို့ပြအင်ဂျင်နီယာဘာသာရပ် ၁၉၇၄-၈၀ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ – "M-3"စားသောက်ဆိုင်၊ ဗဟန်းအားကစားကွင်းအနီး
နေ့ရက် – ၁၈-၁-၂၀၀၄ခုနှစ် (တနင်္ဂနွေနေ့)
အချိန် – ညနေ ၄ နာရီ

ဆက်သွယ်ရန်–
(၁) ဦးစိုးဝင်း – ၂၄၁၉၂၅၊ ၃၇၁၅၅၆
(၂) ဦးဝင်းနိုင် – ၆၄၁၃၂၁၊ ၀၉- ၉၉၃၈၄၈
(၃) ဦးအောင်ကျော်ဝင်း– ၆၆၃၈၄၀၊ ၇၀၃၈၀၀
(၄) ဒေါ်မိမိထွန်း – ၂၉၇၇၃၅၊ ၇၀၅၉၃၉
(၅) ဒေါ်ရင်ရင်ရွှေ – ၂၄၉၆၅၁၊ ၂၈၂၅၂၁

ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အသုံးပြုရန်အတွက် အထောက်အကူပြု ပစ္စည်းများပြုပြင်/ဝယ်ယူရန်ရှိပါ၍ တင်ဒါပုံစံဖြည့်စွက်ပြီး ၁၅-၁-၂၀၀၄ရက်နေ့နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို အမှတ်(၁၊၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမှတ်(၁၊၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ
မှော်ဘီမြို့။
ဖုန်း–၆၂၀၃၈၃၊ ၆၂၀၃၈၄။

ကုံးထက်(မူလလက်ဟောင်းဆိုင်)
(ကြက်ဆီထမင်းနှင့် ရေခဲမုန့်လုပ်ငန်း)

အမှတ်(၄၆)၊ လမ်းသစ်လမ်း၊ မော်တင်လမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း –၂၂၆၈၃၀။ ဆိုင်ခွဲအမှတ်(62-A)ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း–၂၅၂၉၃၉

(ယောမင်းကြီးလမ်းတွင် အအေးခန်းဖြင့် ဖွင့်လှစ်ထားပါသည်။)

မင်္ဂလာ ပွဲနေ့ ပွဲထိုင်များအတွက် အထူးအော်ဒါလက်ခံပါသည်။
မိတ်သစ်မိတ်ဟောင်းများ၏ အားပေးမှုကို အထူးကျေးဇူးတင်ရှိပါသည်။ (ကုံးထက်မိသားစု)

ဖြည့်စွက်ဖတ်ရှုပါရန်

၁၃-၁၂-၂၀၀၃ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၈) ကော်လံ(၁၊ ၂)ပါ၊ ငြင်းချက်ထုတ်ရန်သမ္မန်စာ၊ (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀) ကြော်ငြာတွင် တရားပြိုင်များနေရာ၌ "၃။ ဦးတင့်လွင်၊ အမှတ်(၇၅၀)၊ မာဃ(၇)လမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့"ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်မျိုးကျော်[၁၂/သကတ(နိုင်)၁၄၁၂၂၁]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် (၃၀-၁၁-၂၀၀၃)နေ့တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးညွန့်လွင်[၁၂/သကတ(နိုင်)၀၉၂၆၂၀]။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ ပုဂ္ဂလိကဝင်ငွေ၊ အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက်တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ(EXPORT EARNING)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက် ရတနာများကို ၂၀၀၃ခုနှစ် နိုဝင်ဘာလ (၂၆)ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့်ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့်ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇန်နဝါရီလ၂ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်လျက်ရှိသော မင်းခမ္မလမ်းရှိ အထွေထွေသုံးစုဝေးခန်းမကြီးတွင် တပ်ဆင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေနှင့်ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	လေအေးပေးစက်စနစ်သုံးပစ္စည်းများ (Air-Conditioning and Ventilation Equipment)	3Lots
၂။	တံခါးမှန်၊ ရောင်ပြန်မှန်၊ မှန်ကြည်နှင့်အလူမီနီယမ်ပြား(4' x 4' Aluminium Cladding)	၄မျိုး
၃။	ရေနှင့်သန့်ရှင်းမှုဆိုင်ရာသန့်စင်ခန်းသုံးပစ္စည်းများ	၅မျိုး

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၁-၁-၂၀၀၄ရက်နေ့(၁၆:၀၀)နာရီအချိန်တွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသဖြင့် ပစ္စည်းပေးသွင်းရန်စိတ်ပါဝင်စားသူများအနေဖြင့် ဈေးနှုန်းတင်သွင်းလွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုနှင့် ဆက်သွယ်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

BEST

(မြည်ရှင်းနှင့်ကျမ်းကျော်ဆိုင်ခွဲများကိုဖွင့်လှစ်ထားရန်)

Best One Stop Shopping Centre မှ [illegible]

၁။ Branch Manager ခ (၂) ဦး

- [illegible] အသက် (၃၅) နှစ်အောက်

၂။ Marketing Manager ကျား/မ (၂) ဦး

- [illegible] Marketing Major [illegible] Sale and Marketing [illegible] အသက် (၂၅ မှ ၃၅)နှစ်အတွင်း

၃။ Ware House Manager (ကျား) (၂) ဦး

- [illegible] အသက် (၂၅ မှ ၄၀)အတွင်း

၄။ Marketing Executive (ကျား - ၃ ဦး + မ - ၃ ဦး)

- [illegible] Marketing [illegible] အသက် (၃၀) နှစ်အောက်

၅။ အရောင်းစာရေး (မ) (၃) ဦး

- [illegible] အသက် (၂၅)နှစ်အောက်

၆။ စာရင်းကိုင်/စာရင်းစစ် (ကျား) (၂)ဦး + မ (၂)ဦး

- C.P.A (or) Bcom (or) LCCI (II, III) [illegible] (၃)နှစ်ရှိသူ

[illegible]

BEST ONE STOP SHOPPING CENTRE

[illegible]

☎ 295800, 298054, 201327

စိန့်အဲဂနက်(ကလော)ကျောင်းသား၊ ကျောင်းသူဟောင်းများမိတ်ဆုံပွဲ

St. Agnes Convent(ကလော)ကျောင်းသူ၊ ကျောင်းသားများ၏ တတိယ အကြိမ်မြောက် မိတ်ဆုံစားပွဲကို ၁၉–၁–၂၀၀၄(တနင်္လာနေ့)တွင် ကျင်းပမည် ဖြစ်ပါသဖြင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အချိန် – ညနေ ၆း၃၀နာရီ
ကျင်းပမည့်နေ့ရက် – ၁၉–၁–၂၀၀၄(တနင်္လာနေ့)
ကျင်းပမည့်နေရာ – The Princess Restaurant (ဝါးတန်းဆိပ်ကမ်း)

ဆက်သွယ်ရန် –

Violet Tin Hla	ဒေါ်တင်မျိုးအေး	Ph: 01-663014
Rose Marie Bo	ဒေါ်တင်တင်ဦး	Ph: 01-527440
Emma Myat Dr.	ဒေါ်ခင်တာတာ	Ph: 01-294060
Winnie Cho Tun Dr.	ဒေါ်ဝင်းဝင်းချို	Ph: 01-371285
Dora Soe	ဒေါ်မြင့်မြင့်မိုး	Ph: 01-660034

[illegible]

Golden Hope Int'l Ltd.

☎ 202377, 703220

[illegible]

CAR [illegible] RENTAL

[illegible]

သမဝါယမဝန်ကြီးဌာန

သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်

တွင်

မန္တလေးစက်မှုဇုန် **UD GROUP** မှ တပ်ဆင်ထုတ်လုပ်သော

မော်တော်ယာဉ် -SUPER MANDALAR LIGHT TRUCK
-SUPER MANDALAR MINI TRUCK

GENERATOR–မီးစက်–20 KVA-30KVA-50KVAများအား

ထပ်မံခင်းကျင်းရောင်းချမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁၃–၁–၂၀၀၄ မှ ၁၉–၁–၂၀၀၄ထိ

ဆက်သွယ်ရန် (ဖုန်း–၀၉–၆၉–၇၁၇၅၇၊ ၀၉–၈၀–၃၄၉၇၆၊ ၀၂–၅၄၅၆၄၊ ၀၁–၆၆၃၂၀၉)

[illegible]

ညီထွဋ်

ဇော်ဝင်းထွဋ်

နှစ်(၂၀)ရှင်သန်ခြင်း LIVE SHOW



15-1-04 [illegible]

ချိုကြည်သာ [illegible]

DAGON CENTRE,CITY MART MUSIC COUNTER တို့မှာ TAPE [illegible]

[illegible]

"ညီထွဋ်" [illegible]

ဘုရင့်နောင်ပွဲရုံသစ်အဆောက်အဦးနှင့်မြေကွက်များ

[illegible]

၁၀-၁-၀၄ မှ ၃၀-၁-၀၄ အထိ [illegible]

နယ် မှ စီး ပွား ရေး ကုန် သည် များ အ တွက် သ တင်း ကောင်း

[illegible]

၁။ [illegible]
၂။ [illegible]
၃။ [illegible] (၆၀) [illegible]
၄။ [illegible]
၅။ [illegible](၁၀၀) [illegible]
၆။ [illegible]
၇။ Sanitary [illegible]



"ရင်း နှီး မြှုပ် နှံ နိုင် ရန် အ တွက် လည်း အ ဆင် ပြေ မည့် အ ရစ် ကျ ငွေ ပေး ချေ စ နစ် ဖြင့် ရောင်း ချ ပေး မည်။"

[illegible]



ကျေးဇူးတင်ရှိခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်လှအား ၇-၁-၂၀၀၄နေ့ နံနက်၆း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ သားလှရတနာတစ်ဦးအား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးခဲ့သော မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီးအားလည်းကောင်း၊ ကိုယ်ဝန်ရှိစဉ်မှ မွေးဖွားသည်အထိ မိခင်သဖွယ်စောင့်ရှောက်ကူညီပေးသော (ဆေးရုံအုပ်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ငြိမ်း)အားလည်းကောင်း၊ အစစအရာရာကူညီစောင့်ရှောက်ပေးသော (နှလုံးအထူးကုသမားတော်ကြီးအားလည်းကောင်း၊ မေ့ဆေး/ ထုံဆေးအထူးကုပါမောက္ခအားလည်းကောင်း၊ ကလေးအထူးကုဆရာဝန်ကြီးအားလည်းကောင်း၊ ကိုယ်တိုင်လာရောက် သတင်းမေးအနီးကပ်အားပေးခဲ့ကြသော ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(ကမာရွတ်)ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက် ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များအား လည်းကောင်း၊ ယင်းနေ့ကခွဲစိတ်ရာတွင် ကူညီပေးကြသော ရွှေဂုံတိုင်အထူးကုဆေးရုံကြီးမှ တာဝန်ရှိဆရာဝန်များနှင့် သူနာပြုဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ဦးလှဌေး M.D Htay Family Co.,Ltd
M.D Triple Elephant Co.,Ltd.

လှိုက်လှဲဝမ်းမြောက်ဂုဏ်ပြုခြင်း

သီရိသုဓမ္မမဏိဇောတရေ ဦးထွန်းထွန်း(ဉက္ကဋ္ဌ) သိရောမဏိကျောက်မျက်ရတနာကုမ္ပဏီလီမိတက်အား ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ရက်၊ လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်သည့် **အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတရေ**ဘွဲ့တံဆိပ် ချီးမြှင့်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုးများ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်တင်တင်မေ၊ ဦးလှအောင်၊ ဦးစိုင်းလှ
တူများ- ဦးနောင်နောင်၊ ဦးညီညီနောင်၊ မောင်ဝေဖြိုးနောင်၊ မောင်ပြည့်ဖြိုးနောင်။

သတင်းထူး

ရှေးရေစက် ယခုရေစက် ကံထူးသူများအတွက် APPLE COSMETIC ၏ (၁၀)နှစ်ပြည့် အထူးကံစမ်းမဲဖွင့်ပွဲ

နှင့်

VILAS BEAUTY SALOON ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် အထူးပွဲတွင်

Apple အလှကုန်များကို နှစ်သက်အားပေးသုံးစွဲသူများ ကံထူးဖို့ ကံစမ်းမဲများ ပြန်လည်ပေးပို့ရန် ရက်အခက်အခဲ ပြေလည်စေရန်အတွက် ကံစမ်းမဲဖွင့်လှစ်မည့်ရက်ကို (၂၅-၁-၂၀၀၄)မှ (၂၅-၄-၂၀၀၄)သို့ ရက်တိုးမြှင့်သတ်မှတ်လိုက်ပြီး လပြည့်ဝန်းပလာဇာတွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကံစမ်းမဲလက်မှတ်များကို အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်နှင့် စာတိုက်သေတ္တာ အမှတ်(၁၅၃)သို့ ဆက်လက်ပေးပို့ ကံစမ်းနိုင်ပါသည်။

အမြန်ရောင်းမည်

ဒဂုံဆိပ်ကမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ၄ဝါလမ်း၊ တိုက်(၂၇)၊ အခန်း(၄)၊ ဒုတိယထပ်တိုက်ခန်း၊ ရေ၊ မီးအစုံ။

ဆက်သွယ်ရန် ဖုန်း-၅၉၃၁၀၃။

ရန်ကုန်တိုင်းတွင်း ၁၅ တန် ဆန်စက် ငှား/ ရောင်းမည်

ဖုန်း-၂၅၃၁၄၆။

ဦးမြင့်ရွှေ အသက်(၅၆)နှစ်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်၊တပြေးလမ်း၊ အမှတ်(၃၂)နေ ဒေါ်ကြည်မြ၏ခင်ပွန်း၊ ဦးသန်းထိုက်စိုး(ပစ်တိုင်းထောင်ဆီစက်) - ဒေါ်ခင်နှင်းဖြူဝင်း B.Sc (Zool)(Q)၊ ဦးသူရိန်စိုး(ကုန်သည်)၊ မောင်ရန်နောင်စိုး M.Sc(Q) (Maths), EYUနှင့် မဖြူဖြူထွန်း B.Com, YIE တို့၏ဖခင်၊ မောင်ဟိန်းခန့်စိုးနှင့် မောင်ဟက်အဲတို့၏အဘိုး ဦးမြင့်ရွှေသည် ၁၁-၁-၂၀၀၄ရက် နံနက် ၈း၁၀နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်မြို့နယ်၊ အမှတ်(၄၇၇)၊ ကုန်သည်လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ (၄)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အင်္ဂလိပ်စာဆောင်းပါးရှင် ဦးဝင်းမြင့်ဟာန် B.A, R.A (Pb), D.M.A A.C.I.I ပြုစုသည့် **အင်္ဂလိပ်စာမခက်ပါ စာအုပ်ထွက်နေပါပြီ။** အင်္ဂလိပ်စာရေးနည်း **အားလုံး၊** နမူနာဝါကျ (၇၀၀) ကျော်နှင့် မေးခွန်းအဖြေများပါသည် **words, phrases and idioms** (၁၀၀)ကျော်အင်္ဂလိပ် မြန်မာဝါကျများပါသည်။ စာသင်သားတစ်ဦးအနေ အဆုံးအဖြတ်ပေးနိုင်ဆွဲဆောင်မှုလေ့လာပြီးမေတ္တာကောက်ဟုဆိုလျှင် **စာအုပ်ဖိုးပြန်အမ်းမည်။ ဖတ်ပါ။ လေ့လာပါ။ ဖုန်း ၀၁-၅၄၀၆၈၅**

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ ရင်သားအကျိတ်ဖြစ်သူများ

(ဤကြော်ငြာကိုဖတ်ဖြစ်အောင်ဖတ်ပါ)ဖုန်း -၂၄၈၀၆၄

သမားတော်ကြီး ဝိဇ္ဇာ လိပ်ခေါင်း၊ ဂရင်ဂျီနာအထူးကု

အထူးသတိ-စအိုနှင့် စအိုဝန်းကျင်တွင်ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က **(စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်၊ စအိုပိတ်က အသက်အန္တရာယ်ရှိသည်)** လိပ်ခေါင်းအတွင်းနှင့်အပြင်ထွက် စအိုနာ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့ ပူစပ် စအိုကျွံပြီး အပြင်စူထွက် ဝမ်းသွားမရ၊ စအိုဝအသားပိုထွက်၊ စအိုဝအဖုအသီး၊ ဂရင်ဂျီနာ သွေးပြည်ထွက်၊ စအိုနာ၊ စအိုကျဉ်း၊ စအိုပိတ်၊ စအိုကင်ဆာ**(မခွဲမဖြတ်မနာ-မပူမစပ်ပျောက်အောင်ကုသပေးမည်)** အမျိုးသမီးများ ရင်သားပေါ် အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က**(အသက်အန္တရာယ်ရှိသည်)။** ဝါရင့်ဆရာမရှိသည်။**(ရင်သားအကျိတ်နှင့်အကျိတ်မျိုးစုံ မခွဲမဖြတ်ပျောက်အောင်ကုသပေးမည်။)** အရေပြားရောဂါခရုသင်း သမင်ဖြူ၊ နီ၊ ညို၊ မည်းယောကျ်ားကာလသားရောဂါကုသပေးမည်။

ပင်မဝိဇ္ဇာ-အမှတ်၂၇၃၊ ရွှေဘုံသာအလယ်လမ်း၊ နေဇာဆေးခန်းအပေါ်ထပ်၊ ရန်ကုန်။ (တစ်နေကုန်ဖွင့်သည်)
ပင်မဝိဇ္ဇာ-အမှတ်၃၃၈၊ ရွှေဘုံသာအထက်လမ်း၊ အေးရိပ်သာနှင့်ကပ်လျက်၊ မာလင်မျက်မှန်ဆိုင်၊ ရန်ကုန်။



ဘုရားဒါယကာကြီး
ဆရာကြီးဦးဘနွယ်
အသက်(၉၈)နှစ်
(ကန့်ဘလူမြို့)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်း ရိပ်သာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အမှတ် (၁၁၀–က)နေ ဒေါ်အုန်းရွှေ၏ ချစ်လှစွာသော ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာဒေါ်သောင်းခင်၊ ဦးတင်မောင်မြင့်၊ ဆရာမ ဒေါ်ခင်ထွေးမြင့်–ဆရာကြီးဦးဇော်လင်းထင်(အလက–၅၊ အင်းစိန်)၊ ဒေါက်တာဒေါ်ချိုချိုမြင့် (ဒုတိယ ပါမောက္ခချုပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)တို့၏ ချစ်လှစွာသော ဖခင်၊ ဦးသောင်းမြင့်ထင်(လ/ထ အင်ဂျင်နီယာ၊ မိုက်ကရိုဝေ့ဗ်ဌာန၊ ဆက်သွယ်ရေး)–ဒေါ်နေဝင်းမင်းသက်၊ ဦးညီညီထင်–ဒေါ်မျိုးသူဇာတို့၏ ချစ်လှစွာသော အဘိုး၊ မောင်လင်းသန့်၊ မောင်ကောင်းကောင်းတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၃–၁–၂၀၀၄ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းလှိုင်(၅)
အသက်(၇၆)နှစ်
အကြီးတန်းအကောက်ခွန်မှူး(ငြိမ်း)
(လက်ပံတန်း)

လက်ပံတန်းမြို့နေ (ဦးခိုင်–ဒေါ်ဖွားသင်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၃၆၊ ၄၃လမ်းနေ (ဒေါ်သန်း သန်းနွဲ့)၏ ခင်ပွန်း၊ ဦးသန့်ဇင်(၃)–ဒု–လ/ထအကခမှူး–ဒေါ်မီးမီး၊ ဦးမင်းသိန်း–ဒေါ်ဝါဝါတင်၊ ဦးလှသိန်း–ဒေါ်ဥမ္မာ၊ (မမို့မိုလှိုင်)၊ ဒေါ်စိုးစိုးလှိုင်၊ ဦးတိုးမောင်–ဒေါ်တင်လှတို့၏ ချစ်လှစွာသော ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၃–၁–၂၀၀၄ရက်တွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ(၂)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြကြည် (၆၅)နှစ်
ကုန်သွယ်ရေး (အငြိမ်းစား)
(ပခုက္ကူ)

ပခုက္ကူမြို့၊ ဈေးအနောက်ဘက်၊ တန်ဆောင်တိုင်လမ်း၊ အမှတ် (၁၈)နေ (ဦးဘသန်း)–ဒေါ်မြစိန်တို့၏ သမီးကြီး၊ ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြဟောဝန်လမ်းနှင့် ဇေယျာသီရိလမ်းထောင့်နေ ဦးစိုးမြင့်(ဦးပါ) (အောင်ထီဆိုင်)၏ဇနီး၊ ရဲမှူးကြီးထွန်းလွင်(မောင်တောအမှတ်–၂၊ရဲတပ်ရင်း) – ဒေါ်အေးအေးသန်း၊ ဦးသိန်းဆောင်–ဒေါ်ခင်ဝင်း၊ ဦးမောင်မောင်ဌေး၊ ဒေါ်နီနီသန်း (Five Star ယောလုံချည် ရောင်းဝယ်ရေး)တို့၏ အစ်မကြီး၊ ဦးမင်းမင်းလွင်(SM Line, Korea)–ဒေါ်စုစုသက်(ဒု–မန်နေဂျာ၊ အာရှမနဘဏ်)၊ ဒေါ်ခင်သက်ထား၊ ဒေါ်ယုယုမြင့် (လက်ထောက် မန်နေဂျာ၊ အာရှမနဘဏ်)တို့၏ မိခင်၊ ကိုကျော်စံလွင်–မကျော်သူဇာ၊ ကိုဝေဖြိုးလွင်၊ မအေးမာဌေး(စိုက်ပျိုးရေး၊မန္တလေး)၊ မစန်းစန်းအေး(အထက–၄၊ပခုက္ကူ)တို့၏ အဒေါ်၊ မောင်ကောင်းခန့်လင်းနှင့် မောင်ကျော်ရဲရင့်တို့၏ အဘွားသည် ၁၂–၁–၂၀၀၄တွင် ကွယ်လွန်ပါ၍ ၁၃–၁–၂၀၀၄ရက် ညနေ၃နာရီတွင် ပခုက္ကူမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်စောမင်းမင်းထွဋ်
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ်(၈၄၀)၊ အောက်မင်္ဂလာဒုံလမ်းနေ (ဦးသောင်းရွှေ–ဒေါ်အုံးကြွေ)၊ (ဦးခင်မောင်)–ဒေါ်မြင့်တို့၏မြေး၊ ဒုအရာခံဗိုလ် မောင်စော(တပ်မတော်လေ)–ဒေါ်ခင်ဝင်းကြည်(ခ) ဒေါ်လှလှခိုင်တို့၏ တစ်ဦးတည်းသော သား၊ မစောကလျာဦး (စာရင်းစစ်၊ စာရင်းစစ်ချုပ်ရုံး)၊ မစောပပလင်း(မြန်မာ့နှစ်ရှည်ပင်၊လယ်/ဆည်)တို့၏ မောင်/အစ်ကို မောင်စောမင်းမင်းထွဋ်သည် ၁၂–၁–၂၀၀၄ (တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၅၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ဇရပ်၊ရဟန်းဒါယိကာမကြီး
ဒေါ်ဟန်စု (၇၇)နှစ်
(မြိတ်)

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ်(၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊မဥ္ဇူလမ်း၊ အမှတ်(၆)နေ (ဦးထူးရွှေ–ဒေါ်ထင်) တို့၏သမီး၊ (ဗိုလ်မှူးထွန်းရှိန်–ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးအုန်းစိန်(ငြိမ်း)–ဒေါ်လှလှသိန်းတို့၏ ညီမ၊ ဦးတင်ထွန်း–ဒေါ်ရင်မြင့်၊ ဦးအောင်သွင်–ဒေါ်မိမိကြည်၊ (ဦးမြင့်သန်း)–ဒေါ်ခင်မာဆွေတို့၏အစ်မ၊ ဦးလှမြင့်ဆွေ–ဒေါ်ဆွေဆွေရှိန်၊ ဦးဝင်းရှိန်–ဒေါ်ခင်စန်းမြင့်၊ ဦးရဲဝင်း–ဒေါ်ချိုချိုရှိန်၊ ဒေါက်တာမောင်မောင်–ဒေါက်တာသူဇာရှိန်တို့၏ မိခင်၊ ဒေါက်တာအေးဇော်သန်း–ဒေါက်တာမြကြာဖြူ၊ ကိုသက်လင်းထွန်း–ဒေါက်တာခိုင်နွယ်တင်၊ မခင်စန္ဒီ၊ မခင်ချစ်ပွင့်ဖြူ၊ မောင်ထင်လင်း၊ မဝင်းလဲ့ဖြူတို့၏အဘွား ဒေါ်ဟန်စုသည် ၁၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၁–၂၀၀၄(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမောင်ငြိမ်း(၈၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ကျိုက္ကစံဘုရားလမ်း၊ အမှတ်(၄၀၄)နေ (ဦးထွန်းလှိုင်–ဒေါ်အေးရင်)တို့၏သား၊ (ဦးထွန်းလှ–ဒေါ်နှင်းနွယ်)တို့၏ သားသမက်၊ ဦးတိုးအောင်–(ဒေါ်မြသွယ်)တို့၏ညီမောင်၊ဦးဘသောင်း–(ဒေါ်ခင်ကြည်)၊ (ဦးသောင်း)–ဒေါ်သိန်း၊ ဦးညွန့်တင်–(ဒေါ်မြကြူ)၊ ဦးကံစိန်–ဒေါ်စန်း၊ ဦးခင်မောင်မြင့်–(ဒေါ်ဝင်းကြည်)၊ ဦးချစ်လှိုင်–ဒေါ်စိန်အေး၊ ဦးရင်မောင်–(ဒေါ်သန်းကြည်)၊ (ဦးမောင်သင်)– ဒေါ်သန်းရီတို့၏ အစ်ကိုကြီး၊ ဦးတင်ဝင်း(ထ/ပြ၊ အထက–၄၊ သဃ်န်းကျွန်း)–(ဒေါ်မြဆွေ)၊ဦးဌေးနိုင်(စက်မှု–၁၊ စက်ဘီး) – ဒေါ်အေးသိန်း (လ/ပြ၊ အမက–၃၂၊ သဃ်န်းကျွန်း) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်လှိုင်မင်း၊ မောင်သက်ဇင်တို့၏အဘိုး၊ ဒေါ်ရွှေဥ၏ ခင်ပွန်း ဦးမောင်ငြိမ်းသည်၁၂–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြင်ဦး(ခ)ဦးတင်စိုး
အသက် (၇၁)နှစ်
(ထီးလင်းမြို့)
(R.O,Wallen Shipping)

ဂန့်ဂေါမြို့နေ (ဦးပု–ဒေါ်ငွေသိန်း) တို့၏သား၊ (ဦးကျော်ဒင်–ဒေါ်သာငွေ) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၃၈၊ ၄၂ လမ်းနေ၊ ဒေါ်အုန်းကြော့၏ ခင်ပွန်း၊ ဦးတင်မိုး(ညွှန်မှူး–ငြိမ်း၊ ရေနံဓာတု)–ဒေါ်ရင်မြ(စာပေဌာနမှူး၊ရန်ကင်းပညာရေးကောလိပ်)၊ ဦးထင်မျိုး(ဒု–ညွှန်ချုပ်၊ သာသနာရေးဦးစီးဌာန)–ဒေါ်သင်းသင်းလှိုင်၊ (ဦးဘိုလေး၊ သမဝါယမ ဂန့်ဂေါ)–ဒေါ်အေးမုန်၊ဦးဘိုထွေး–ဒေါ်ခင်အေးကြူတို့၏ အစ်ကိုကြီးသည် ၁၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးခင်မောင်စီ(ခ)
ဦးမောင်စီ (၇၁)နှစ်
(ကြည့်မြင်တိုင်–ကမ်းနားဈေး)

ရန်ကုန်မြို့နေ (ဦးကံရ–ဒေါ်စောလှ) တို့၏သား၊ (ဦးစိန်ဟို–ဒေါ်ကျင်မြိုင်) တို့၏သားသမက်၊ ဦးအေးဟန် (တရားရုံးချုပ်ရှေ့နေ)–ဒေါ်သီသီမာ၊ ဦးဌေးအောင်၊ ဦးထွန်းထွန်း၊ မသင်းသင်းညွန့် တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဒေါ်အေးကြည်၏ ခင်ပွန်း ဦးခင်မောင်စီ(ခ) ဦးမောင်စီသည် ၁၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(တိုက်–၉/၃၀၄၊ ဘုရင့်နောင်လမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ ၄ရပ်ကွက်၊ ကမာရွတ်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
အာလဟာဂျ်အင်ဘရာဟင် မောင်မောင်(မောင်တော)
အသက်(၅၉)နှစ်
B.Sc (Botany)

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်နေ (ဦးအဒူအာလီ–ဒေါ်ဘော်ဒူ)တို့၏သားထွေး၊ ဟာဂျီဦးစံဖေ (လ/ထညွှန်မှူး၊ လဝက၊ငြိမ်း)–ဟာဂျီဒေါ်ခင်နု၊ ဒေါ်ဝါဇီဖာ၊ (ဦးကျော်စိန်–စခန်းမှူး၊ ပ/ရ)၊ (ဒေါ်လတီဖာ)၊ဟာဂျီဦးလှဖေ (ရဲအုပ်၊ သတင်းတပ်ဖွဲ့၊ငြိမ်း)–ဒေါ်အေးစိန်တို့၏ မောင်/ညီငယ်၊တူ၊တူမ ၃၀ယောက်တို့၏ ဦးလေးသည် ၉–၁–၂၀၀၄ ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမိုး (၈၅)နှစ်
ရေကျော်မက်သဒစ်ကျောင်းသားဟောင်း၊
(ယခင် ဆင်ဖြူဆင်မဲ
ရှစ်မိုင်မော်တော်ယာဉ်၊ ဥက္ကဋ္ဌ)

ဒါးပိန်မြို့နယ်နေ (ဦးဘချစ်–ဒေါ်နှင်းအိ)တို့၏ သားထွေး၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်တို့၏ တူ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကလာသီရိလမ်း၊ (ဃ)ရပ်ကွက်၊ အဝိုင်းကြီး၊ အမှတ် (၁၁)နေ ဒေါ်ခင်ခင်မေ(ဒါးပိန်)၏ ခင်ပွန်း၊ ဦးတင်လှ (ရဲအရာရှိ–ငြိမ်း)–ဒေါ်သီသီနွယ်တို့၏ ဖခင်၊ ဦးအေးလွင် (ဒါရိုက်တာ၊ မြန်မာဂရင်းတက်)–ဒေါ်ယုလွင်အေး(ဒါရိုက်တာ၊မြန်မာဂရင်းတက်)၊ ကိုမျိုးဝေဇင်၊ ကိုကျော်ခိုင်ထွန်း(ပ–နှစ်၊ ရက္ခ)၊ ကိုကျော်ဇေလင်း(နောက်ဆုံးနှစ်၊ E.S)၊ ကိုကျော်သီဟ(တ–နှစ်၊ ဥပဒေ) တို့၏ အဘိုး၊ သူလျှံထက်(K.G-J ILBC)တို့၏ ဘိုးဘိုးကြီး ဦးမိုးသည် ၁၃–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သက်နှင်း (၈၄)နှစ်
(လောင်းလုံးမြို့၊ထားဝယ်)

တနင်္သာရီတိုင်း၊လောင်းလုံးမြို့၊ (ခ) ရပ်ကွက်၊ ကုသိုက်တော်လမ်းနေ (ဦးဘအင်–ဒေါ်အေးဖြူ)တို့၏ သမီး၊ (ဦးကံညွန့်)၏ ဇနီး၊ ဦးနေဝင်း–ဒေါ်ကျင်သိန်းထွန်း၊ဦးဘိုသိန်း–ဒေါ်ခင်ဆွေသန်း၊ဦးစိုးမင်း–ဒေါ်ခင်မာလာသိန်း၊ မခင်မာရီတို့၏မိခင်သည် ၁၃–၁–၂၀၀၄ ရက် နံနက်၈:၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ ကျောင်း၊
မြေဒါယိကာမကြီး
ဒေါ်ခင်မေ(၇၁)နှစ်
(သဃ်န်းကျွန်း)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၂၇)၊ အောင်ချမ်းသာလမ်းနေ (ဒေါက်တာဦးစံသိန်း–ဒေါ်နွဲ့)တို့၏သမီး၊ (ခရိုင်ရဲဝန် ဦးမောင်မောင်ကြီး–ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ (ဦးအောင်ကြည်)၏ဇနီး၊ (ဒေါ်ဌေးဌေးအောင်)၊ ဦးတင်အောင် (ဟိုတယ်နှင့်ခရီး)–ရဲအုပ်ဒေါ်ခင်အုန်းမြင့် (အရှေ့ပိုင်းခရိုင်ရုံး)၊ (ဦးတိုးအောင် အကောက်ခွန်)–ဒေါ်ခင်ဌေးမြင့်၊ ဒေါ်ထူးထူးအောင်(ကုန်တိုက်–၁၊ ပြည်ထဲရေးတွဲဖက်)၊ ဒေါ်သန်းသန်းအောင် (သိပ္ပံနည်းပညာဝန်ကြီးရုံး)၊ ဒေါ်ချိုချိုအောင် (Lion Master Co.,Ltd)၊ ဦးအောင်ခင် တို့၏ မွေးသမိခင်၊ ဟိန်းသီဟအောင် (မြနှင့်စိန်စားသောက်ဆိုင်)နှင့် မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၁–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၁–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လှိုင်(၅၈)နှစ်
ဒု–ဦးစီးမှူး(ငြိမ်း)
တိမွေကုဦးစီးဌာန၊ ရေစကြိုမြို့နယ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ် (၃၅၉)နေ (ဦးအုန်း–ဒေါ်ခင်)တို့၏သား၊ (ဦးစိန်တင်–ဒေါ်သောင်း)တို့၏ သားသမက်၊ ဒေါ်ခင်ဝေ၏ခင်ပွန်း၊ ဦးရဲဝင်းအောင်–ဒေါ်သန္တာဦး၊ ဦးကျော်သန်းဆွေ–ဒေါ်စိုးစိုးသန်း၊ ဦးထွန်းကျော်–ဒေါ်အေးအေးသန်း၊ မအိအိလှိုင်တို့၏ မွေးသဖခင်၊ မသိမ့်သိမ့်ထက်၊ မောင်စိုင်းအောင်ထွဋ်တို့၏အဘိုး ဦးတင်လှိုင်သည် ၁၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၁–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရဟန်းဒါယိကာမကြီး
မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ဝင်
ဒေါ်စိန်မျှင် အသက်(၉၀)
(တောင်ကုတ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၁၆၀–၁၆၄) (၃)လွှာ/ယာနေ (ဦးသာဦး–ဒေါ်ဝင်းသာခိုင်)တို့၏သမီး၊ (ဦးစံလုံး)၏ဇနီး၊ (ဦးစံသိန်း)–ဒေါ်မြသွယ်၊ ဦးစံတင်(ရွှေပန်းထိမ်ဆရာကြီး၊ တောင်ကုတ်မြို့နယ် ရာသက်ပန်အသင်းဝင်)–(ဒေါ်ခင်သန်းရွှေ)တို့၏မိခင်၊ ကိုသိန်းဇော်–မတင်မိုးကြွယ်၊ ကိုမင်းဇော်ဦး–မယုယုစံတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၂–၁–၂၀၀၄(တနင်္လာနေ့) ညနေ၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၁–၂၀၀၄ရက်ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)
အသက်(၈၇)နှစ်
ညွှန်ကြားရေးမှူး(အငြိမ်းစား)၊စာပေဗိမာန်
မြန်မာစာအဖွဲ့ဝင်(အချိန်ပြည့်)

၁၁–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားသော ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ Myanmar Perspectives၊ ပညာတန်ဆောင်အဖွဲ့၊ ရပ်ဝေးရပ်နီးမှ သတင်းမေးမြန်းအားပေးကြသူများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊တန်ဆောင်းဒါယကာကြီး
ဦးစိန်းမောင်(ဒိုက်ဦး)
အသက်(၈၀)

ဒိုက်ဦးမြို့နေ၊(ရှေ့နေဦးဉာဏ်ကြွယ်–ဒေါ်အေးခင်)တို့၏ သား၊ (ဦးစီ–ဒေါ်ဂျမန်)၊ (ဦးမြမောင်–ဒေါ်အေးကြည်) တို့၏ ညီ/မောင်၊ ဦးချစ်မောင်–ဒေါ်တင်နု၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်(ငြိမ်း)–(ဒေါ်ဂရေစီ)၊(ဦးကြည်မောင်–ဒေါ်တင်လှ)တို့၏အစ်ကို၊ ဦးထွန်းလှိုင်–ဒေါ်မြသန်း၊ ဦးကျော်ဝင်း–ဒေါ်ဝင်းဝင်းလွင်၊ ဒေါ်အမာနီ၊အရာခံဗိုလ်အောင်မြင့်–ဒေါ်သန်းသန်းဝင်း၊ကိုတင်ဝင်း–(မစန်းမူ)၊ ကိုမျိုးညွန့်အောင်–မမြမြဝင်း၊ကိုစိုးမိုးအောင်–မခင်မာလွင်၊တပ်ကြပ်ကြီးစိုးမင်း (ရကတ) – မမျိုးမျိုးမော်တို့၏ ဖခင်၊ မြေး ၂၀၊ မြစ်သုံးယောက်တို့၏အဘိုး၊ ဒေါ်ကြည်၏ခင်ပွန်းသည် ၁၃–၁–၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(မင်္ဂလာဒုံနေ အရာခံဗိုလ်အောင်မြင့်–ဒေါ်သန်းသန်းဝင်းတို့၏နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)

၁၉–၁–၂၀၀၄ရက် (တနင်္လာနေ့) ၇နာရီမှ ၁၀နာရီအထိကွယ်လွန်သူအား ရည်စူး၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဒေါ်မြငြိမ်း(ခ)ဒေါ်ငြိမ်း
အသက်(၇၀)
သုံးခွမြို့

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ အေးရတနာလမ်း၊ အမှတ်(၄၉၇)နေ (ဦးရွှေအို–ဒေါ်နု)တို့၏သမီး၊(ဦးသောင်း)၏ ဇနီး၊ (ဦးလှသောင်း)–ဒေါ်လှရွှေ၏ ညီမ၊ ဦးကျော်ချွန်(ငြိမ်း၊ လ/ထညွှန်မှူး–သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ ဒေါ်တင်မြ(ခ)ဒေါ်ညို၊(ဦးစိန်ရ)၊ ဒေါ်ခင်ဝင်းနွဲ့တို့၏ အစ်မ၊ မနွဲ့ရီ၊ မောင်စိန်မြင့်၊ မောင်သန်းမြင့်၊ မမြင့်မြင့်ရီ၊ မကြည်ကြည်ဝင်း၊ မတင်တင်အေး၊ မောင်သက်တင်၊ မောင်လှမြင့်၊ မောင်ရဲဝင်းနိုင်၊ မရွှေဇင်မြတ်၊ မဇင်ဇင်မြတ်တို့၏ကြီးကြီးသည် ၁၃–၁–၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၁–၂၀၀၄ (စနေနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ကျော်မျိုးမြင့်
(ကူးကူး)
အသက်(၂၁)နှစ်
ပထမနှစ်၊ ဥပဒေ(ဒဂုံတက္ကသိုလ်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၉) ရပ်ကွက်၊ တိုက်(၃၀၁–က)၊ အခန်း(၆) နေ ဦးတင်မောင်ရီ–ဒေါ်ခင်ဝင်းမေတို့၏မြေး၊ ဦးခင်မောင်ဒိုး–ဒေါ်ခင်အေးအေးနိုင်တို့၏သားငယ်၊ မောင်ဗိုလ်ဗိုလ်ကျော် (Grand Plaza Park Royal)၏ ညီငယ်၊ မမေမွန်ခိုင်(ဒု–နှစ်၊ ဘူမိဗေဒ၊ ဒဂုံတက္ကသိုလ်)၏အစ်ကို မောင်ကျော်မျိုးမြင့်သည် ၁၁–၁–၂၀၀၄(တနင်္ဂနွေနေ့) ည၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၁–၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအုန်းမြင့် (၇၉)နှစ်
ပဲခူးတိုင်း(အနောက်ပိုင်း)
(ဇီးကုန်းမြို့)

ဇီးကုန်းမြို့၊ ဈေးလမ်းနေ (ဦးချစ်–ဒေါ်လှ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးဆန်းလွင်ဦး–ဒေါ်ဝင်းမြမြ၊ ဇီးကုန်းမြို့နေ ဦးထင်လင်း(ရတနာဝင်းကုမ္ပဏီ)–ဒေါ်ကြည်ကြည်မေ၊ လက်ပံတန်းမြို့နေ ဦးဝင်းထိုက်(အထပြ)–ဒေါ်မြင့်မြင့်အေး၊ ပြည်မြို့နေ ဦးဇေယျာမိုး(MGS Co. Ltd)–ဒေါ်စန္ဒာအောင်(MBL)၊ ဦးသန့်ဇော်လင်း(Pinya Co. Ltd)–ဒေါ်ဥမ္မာစီ (အလပြ)တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး၊ ဇီးကုန်းမြို့၊ ရန်ကုန်–ပြည်လမ်းနေ ဒေါ်မြစီ(အထပြ–ငြိမ်း)၏ ခင်ပွန်းသည် ၁၁–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ရက်တွင် ပြည်မြို့ ကန်တော်ဦးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒူဘုန်းအောင်နော်
အသက်(၆၈)နှစ်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ နားလုံရွာနေ (ဆရာကြီး ဦးကမ်ဖန်–ဒေါ်နန်ဒွဲ)တို့၏ချစ်လှစွာသောသားကြီး၊ (ဦးလဆိုင်း) – ဆရာမ ဒေါ်ရွယ်ဆေး၊ [ဦးတူးဘုန်(ခ)ဒူဆိုင်းတူး]၊ ဒေါ်ဖရောဂျန်၊ ဆရာမဒေါ်ထွယ်ဘာ၊ ဒေါ်ရွယ်ဂရောင်၊ (ဦးသိန်းရွှေ)–ဒေါ်ထုဘူ၊ Rev ဦးယောဘ–ဒေါ်နန်ဘောက်၊ ဦးခါးဘာ–ဒေါ်ရွယ်ဂျာ၊ ဦးလာရွယ်–ဒေါ်Lရွယ်ဂျာ၊ ဦးလာယွန့်–ဒေါ်ဘောက်ဂျာတို့၏ အစ်ကိုကြီး၊ ဒေါ်လထော်နန်တောင်(မ်)၏ ခင်ပွန်း၊ ဒေါ်ခေါန်လွမ်း– ဦးမွေးဂျန်တူးဆိုင်း၊ ဦးမရန်နော်မိုင်–ဒေါ်လဖိုင်နန်ဘောက်၊ ဦးမရန်တူးရိန်၊ ဦးမရန်ကျော်ဂွန်၊ ဦးမရန်ယော်ဆန့်၊ မောင်မရန်ခါးအောင်၊ မမရန်ထုဆန်တို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၁–၁–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅–၁–၂၀၀၄ ရက် နံနက်၉နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်နှင့် ကချင်နှစ်ချင်း ခရစ်ယာန်အသင်းတော် (စမ်းချောင်း)မှ ကားများ နံနက်၈နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ဦး(၅၄)နှစ်
Einghish Methodist
ကျောင်းသားဟောင်း
B.Sc (Botany)
(ကက–ဝယ်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်ဟောင်း(၈)၊ အခန်း(၁၂)နေ (ဦးစိန်ထွန်း–ဒေါ်ကြည်ကြည် သူနာပြုဆရာမကြီး၊ ငြိမ်း)တို့၏သား၊ (ဦးလွန်းခင်–ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းဝင်း (ကက–ဝယ်)၏ ခင်ပွန်း၊ (ဦးမောင်မောင်ထူး)၊ (ဦးမောင်မောင်ထွန်း)၊ ဦးတင်ရွှေ–ဒေါ်ဝတီစိန် တို့၏ အစ်ကိုကြီး၊ မောင်သီဟဇော်၊ မောင်ကောင်းထက် (အလက–၂၊ ဒဂုံ Vl-B) တို့၏ဖခင်၊ မောင်ပြည့်ဖြိုးဟန် (Vll-B အထက–၁၊ဒဂုံ)၏ ဘကြီးသည် ၁၂–၁–၂၀၀၄ရက် တပ်မတော် အသည်းအထူးကုဆေးရုံကြီးမင်္ဂလာဒုံ၌ ကွယ်လွန်သွားပါ၍ ၁၄–၁–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းမယ်တော်ကြီး
ဒေါ်သောင်းကျင်(၇၉)နှစ်
(မုဒုံ)

မုဒုံမြို့နေ(ဦးချစ်ထွန်း–ဒေါ်လှမြိုင်) တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ်(၃၈၈/B)နေ (ဦးချစ်သင်၊ ထောင်မှူး)၏ ဇနီး၊ ဒဂုံတောင်(၅၆)ရပ်ကွက်၊ ဓမ္မစက္ကကျောင်းဆရာတော် ဦးအဂ္ဂသာရ၏ ရဟန်းမယ်တော်ကြီး၊ ဒေါ်ရီရီညွန့် (အလက–၈၊ တ/ဥ)၊ ဦးစောဖရန်စစ်–ဒေါ်ခင်ဆွေဝင်း၊ဗိုလ်မှူးဝင်းနွယ် (အတွင်းရေးမှူး၊ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)–ဒေါ်တင်တင်လေး(ထ–၄၊မ/ဥ)၊ ဦးသိန်းဦး–ရဲအုပ် ဒေါ်ခင်သက်ကြည်(CID)၊ ဒေါ်ခင်မေအေး(အလက–၁၊ သဃ်န်းကျွန်း)၊ ဒေါ်ခင်လေးနွယ်(သရုပ်ပြ၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ မိခင်ကြီး၊ မြေး၁၀ယောက်တို့၏အဘွား ဒေါ်သောင်းကျင်သည် ၁၃–၁–၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြငြိမ်း(ခ)ဒေါ်ငြိမ်း
အသက်(၇၀)
သုံးခွမြို့

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ အေးရတနာလမ်း၊ အမှတ်(၄၉၇)နေ (ဦးရွှေအို–ဒေါ်နု)တို့၏ သမီး၊ (ဦးသောင်း)၏ ဇနီး၊ ဦးတင်ရွှေ–ဒေါ်ကြင်ရွှေ၊ ဗိုလ်မှူးကြီးအောင်ငွေ (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒေါ်လှလှကျင်၊ ဦးတင်ဝင်း (ညွှန်ကြားရေးမှူး၊မွေး/ရေ ဝန်ကြီးဌာန)၊ ဒေါ်ခင်မြဝေ၊ ဦးကြည်ကို (သစ်တော ဦးစီးဌာန)–(ဒေါ်အေးသန်း)၊ ဦးခင်မောင်ဝင်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးတင်လတ် (C.E-M.T.M CO., Ltd.)–ဒေါ်ရီရီဝင်း[အမက(၁၉) ဒလ(ငြိမ်း)]၊ အရာခံဗိုလ်မြင့်အောင်၊ ဒေါ်ဝါဝါခိုင်၊ ကိုလှမျိုးမြင့်၊ (A.E.O-RAY Shipping Co., Ltd.)၊ မသီတာမျိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၂၀ယောက်တို့ ၏ဘွားဘွားကြီးသည် ၁၃–၁–၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၁–၂၀၀၄(စနေနေ့)ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်တင်ညွန့် (၉၇)နှစ်
(မိုးခိုင်ကြီး)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ် ၄၂၊ ၁၆၄လမ်းနေ (ဦးဖိုးချိတ်–ဒေါ်ကျော့) တို့၏သမီး၊ (ဦးဖိုးငြိမ်း–ဒေါ်မိုန်)တို့၏ သမီးချွေးမ၊ (ဦးသိန်းမြ)၏ ဇနီး၊ (ဦးစိန်ဝင်း)–ဒေါ်ခင်စိန်၊ (ဦးမြင့်သန်း)–ဒေါ်သိန်းတင်၊ (ဦးလှသောင်း–ဒေါ်မြညွန့်)တို့၏မိခင်၊ မြေး၁၉ယောက်၊ မြစ်၁၆ယောက်တို့၏အဘွားသည် ၁၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဉာဏ်ရီ(၇၁)နှစ်
B.Com, BL
ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)
မြန်မာ့သစ်လုပ်ငန်း

(ဦးလှသိန်း–ဒေါ်ညွန့်တင်)တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၄)ရပ်ကွက် တပင်ရွှေထီးလမ်း၊ အမှတ် ၂၁၇–၂၁၈နေ ဒေါ်သောင်းသောင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သိန်းလွင်၏ မောင်၊ (ဦးဘချစ်)–ဒေါ်ချိုချို၏အစ်ကို၊ မလွင်လွင်မြင့်၊ ကိုခင်မောင်မျိုး–မမြင့်မြင့်ခင်၊ မနုနု၊ဧမဇင်မင်းတို့၏ဖခင်၊ မောင်ဟိန်းထက်၏ဘိုးဘိုးကြီးသည် ၁၃–၁–၂၀၀၄ရက် ညနေ၆:၅၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၁–၂၀၀၄ ရက် နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [၁၇–၁–၂၀၀၄ (စနေနေ့) နံနက် ၈နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။] (ကားများ နေအိမ်မှ နံနက်၉နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြင်ဦး(ခ)ဦးတင်စိုး
အသက်(၇၁)နှစ်
(ထီးလင်းမြို့)
(R.O,Wallen Shipping)

ဂန့်ဂေါမြို့နေ (ဦးပု–ဒေါ်ငွေသိန်း) တို့၏သား၊ (ဦးကျော်ဒင်–ဒေါ်သာငွေ) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၃၈၊ ၄၂ လမ်းနေ၊ ဒေါ်အုန်းကြော့၏ ခင်ပွန်း၊ ကိုကြင်စိုးဦး၊ ကိုသက်ခိုင်ဦး (QSL) – ဒေါက်တာအေးသူအောင် (ကောလင်း)၊ မဝေဝေဦး(ဝါဝါဝင်း ဆောက်လုပ်ရေး) – ကိုကျော်ဇင်သန့် (HUB Shipping) မနွယ်နွယ်ဦး၊ မောင်နိုင်ဝင်းဦးတို့၏ မွေးသဖခင်သည် ၁၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးချစ်လှိုင်
အသက်(၇၉)နှစ်
လယ်/သစ်ဝန်ကြီးရုံး(အငြိမ်းစား)

ရေနံချောင်းမြို့နေ (ဦးဘဘွား–ဒေါ်အုန်းခင်)တို့၏ သား၊ ရန်ကုန်မြို့၊ အောင်မင်္ဂလာ(၆)လမ်း၊ အမှတ်(၈)၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးညီညီလွင်–ဒေါ်သန်းသန်းအေး၊ ဦးဇော်မင်း–ဒေါ်ဆွေဆွေဝင်း၊ ဦးတင်ဝင်း–ဒေါ်မိမိခိုင်၊ ဦးကျော်ကျော်စိုး–ဒေါ်အေးအေးမြင့်၊ ဦးတင်မိုးတို့၏ ဖခင်၊ (ဒေါ်သိန်းသိန်းကျောက်ဖြူ)၏ခင်ပွန်း၊ (ဒေါ်အေးသင်)၊ (ဗိုလ်မှူးအောင်မြင့်–ဒေါ်မြမြအေး)၊ ဒေါ်သိန်းသိန်း၊ (ဦးကျော်လွင်)၊ ဦးထွန်းမြင့်–ဒေါ်နွဲ့နွဲ့ရီတို့၏ ညီ/အစ်ကို၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၃–၁–၂၀၀၄ (အင်္ဂါနေ့) ညနေ ၃:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်မိန့်တော်ခံယူခြင်း
ဒေါ်ကြူကြူဝင်း(ခ)
Hazara Gafoor (၇၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးဂဖူးလမ်း၊ ခြံအမှတ်(၅)နေ (ဦးဂဖူး–ဒေါ်သိန်းဟန်)တို့၏သမီး၊(ဦးတင်ရွှေ)–ဒေါ်ခင်ဦးမြင့်၊(ဒေါ်ခင်ခင်ဝင်း)၊ဒေါ်ကြည်ကြည်ဝင်းတို့၏ညီမ၊ (ဦးမင်းအောင်)–ဒေါ်ခင်ရီတို့၏အစ်မ၊ ဦးမောင်မောင်၊ ဒေါ်တင်ဦးခိုင်–ဦးမောင်မောင်၊ ဦးရဲမင်း၊ ဒေါ်လှမိုးသူ – ဦးမောင်မောင်ထွေး၊ ဒေါ်ခင်ဆွေနှင်း – ဦးဇော်လင်းထွန်း၊ ဦးဟန်ထွန်းအောင်၊ ဒေါ်သင်းသင်းထွေး–ဦးကက်နက်တို့၏အဒေါ်၊မြေးကိုးယောက်တို့၏အဘွားသည် ၁၃–၁–၂၀၀၄ရက် နံနက်၃နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးရီ(ခ)မအေးမြိုင်
အသက်(၄၄)နှစ်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ အုပ်ဖိုစုကျေးရွာနေ (ဆရာကြီးဦးမြရင်)–ဒေါ်လှကျင်တို့၏သမီးထွေး၊ (ဦးချစ်ရှိန်–ဒေါ်သိန်းကြည်)၊ ဦးမြင့်ခင်–ဒေါ်လှသိန်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အမှတ်(၆)၊ (၄)လမ်းနေ ဦးတင်ညွန့်–ဒေါ်အုန်းရီ၊ ဦးကျော်မြင့်–ဒေါ်သိန်းရင်၊ ဦးသိန်းမြင့်–ဒေါ်လှနု၊ ဦးမြင့်ဆွေ–ဒေါ်သန်းသန်းဝေတို့၏ ညီမ၊ တူ၊ တူမ ၂၆ ယောက်တို့၏ အဒေါ်သည် ၁၃–၁–၂၀၀၄(အင်္ဂါနေ့) ည ၇:၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၁–၂၀၀၄ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်း နိုင်ငံအကျိုး၊ တပ်ဖွဲ့အကျိုးအတွက် အောင်မြင်သည်ထက်အောင်မြင်အောင် ဆောင်ရွက်

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင် ပြောင်းလဲရေးကော်မတီ (၁၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ (၁၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယနေ့ထုတ်စောင်ရေ

၁၉၈၁၇၆

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ တွင် ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမဆုရ

ဆန်စက်

မြန်မာ့ဆန်စက် လုပ်ငန်းပြပွဲ-၂၀၀၄တွင် အကောင်းဆုံး ဆန်စက်ပြခန်း၌ ပထမဆုရသည့် သောင်းဝင်းစက်မှုလက်မှုမှ ထုတ်လုပ်သည့် တစ်ရက် ၂၅တန်ကျ ဆန်စက်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ပြည်သူများ စိတ်ဝင်တစား အားပေးကြည့်ရှုခဲ့သည့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄

သတင်းဆောင်းပါး-ဒွေးကြည်၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ဇန်နဝါရီ ၈ရက်မှ စတင်ပြသခဲ့သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❒